# ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာအက်ဥပဒေ

**[၁၈၇၂ ခုနှစ်၊ အိန္ဒိယအက်ဥပဒေအမှတ် ၁၅]**

**(၁၈၇၂ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်)**

## နိဒါန်း

၁။ * * * *

၂။ * * * *

အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်းအပိုဒ်

၃။ ဤအက်ဥပဒေတွင် အကြောင်းအရာနှင့်ဖြစ်စေ၊ ရှေ့နောက်စကားစပ်နှင့်ဖြစ်စေ ဆန့်ကျင်ချက် တစ်စုံတစ်ရာ မရှိလျှင်-

"**အင်္ဂလိကန်အသင်းတော်**"ဆိုသည်မှာ ဥပဒေအရ တည်ထောင်ထားသော အင်္ဂလန် အသင်းတော်ကို ဆိုလိုပြီး ယင်းနှင့် သက်ဆိုင်သည်ကို ဆိုသည်။

"**စကော့တလန်အသင်းတော်**" ဆိုသည်မှာ ဥပဒေအရ တည်ထောင်ထားသော စကော့တလန် အသင်းတော်ကို ဆိုသည်။

"**ရောမအသင်းတော်" နှင့် "ရိုမန်ကက်သလစ်**" ဆိုသည်မှာ ရောမ ပုပ်ရဟန်းမင်းကြီးကို မိမိတို့၏ သာသနာပိုင်အဖြစ် သဘောထားသူများ၏ အသင်းတော်ကို ဆိုလိုပြီး ယင်းနှင့် သက်ဆိုင်သည်ကို ဆိုသည်။

"**ဘုရားကျောင်း**" ဆိုသည်မှာ ယေဘုယျအားဖြင့် ခရစ်ယာန်ဘာသာဝင်အများ ဝတ်ပြုရန် ဝတ်ပြုကျောင်းငယ် သို့မဟုတ် အခြား အဆောက်အအုံလည်း ပါဝင်သည်။

"**အရွယ်မရောက်သူ**" ဆိုသည်မှာ မုဆိုးဖို သို့မဟုတ် မုဆိုးမ မဟုတ်လျှင် အသက်နှစ်ဆယ့်တစ်နှစ် မပြည့်သေးသော သူကို ဆိုသည်။

"**ခရစ်ယာန်များ**" ဆိုသည်မှာ ခရစ်ယာန်ဘာသာ ကိုးကွယ်ယုံကြည်သောသူများကို ဆိုလိုပြီး "နိုင်ငံရင်းသားခရစ်ယာန်" ဆိုရာတွင် အိန္ဒိယ သို့မဟုတ် ပါကစ္စတန် သို့မဟုတ် ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရင်းသားများမှ ဆင်းသက်လာသော ခရစ်ယာန်များ ဖြစ်ပြီး ခရစ်ယာန်ဘာသာကို ပြောင်းလဲ ကိုးကွယ်လာကြသူများလည်း ပါဝင်သည်။

"**ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိချုပ်**" ဆိုသည်မှာ ဤအက်ဥပဒေအရ ခန့်အပ်ထားသော ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိချုပ်ကို ဆိုသည်။

## အပိုင်း (၁)

## ထိမ်းမြားခြင်းများကို ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးနိုင်သူများ

ထိမ်းမြားခြင်းများကို အက်ဥပဒေအရ ဝိနည်းနှင့်အညီ ဆောင်ရွက်ခြင်း

၄။ ထိမ်းမြားခြင်း ဆောင်ရွက်လိုသူ နှစ်ဦးစလုံး သို့မဟုတ် တစ်ဦးသည် ခရစ်ယာန်(များ) ဖြစ်ပါက အောက်ပါပုဒ်မတွင် ပြဋ္ဌာန်းထားချက်များအရ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း ဆောင်ရွက်ရမည်။ ထို့ပြင် အဆိုပါ ပြဋ္ဌာန်းချက်အရ ဝိနည်းနှင့်အညီ မဆောင်ရွက်သော ထိမ်းမြားခြင်းများသည် ပျက်ပြယ် စေရမည်။

ထိမ်းမြားခြင်းများကို ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးနိုင်သူများ

၅။ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းများကို -

(၁) သာသနာပိုင်ဆရာတော်အဖြစ် သိက္ခာတင်ထားသူ တစ်ဦးဦးက ဝိနည်းနှင့်အညီ ထိမ်းမြားပေးခြင်း။ သို့ရာတွင် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို အသင်းတော်၏ အမှုတော်ဆောင်က စည်းမျဉ်းများ၊ ဝိနည်းတော်အရ ကျင်းပသော အခမ်းအနားများ၊ အခမ်းအနားများနှင့် ဓလေ့ ထုံးစံများအရ ဆောင်ရွက်ရမည်။

(၂) စကော့တလန်အသင်းတော်၏ ဘုန်းတော်ကြီးတစ်ဦးဦးက ဝိနည်းနှင့်အညီ ထိမ်းမြားပေးခြင်း။ သို့ရာတွင် အခမ်းအနားဖြင့် ထိမ်းမြားခြင်းကို စကော့တလန် အသင်းတော်၏ စည်းမျဉ်းများ၊ ဝိနည်းတော်အရ ကျင်းပသော အခမ်းအနားများ၊ အခမ်းအနားများနှင့် ဓလေ့ထုံးစံများအရ ဆောင်ရွက်ရမည်။

(၃) ဤအက်ဥပဒေအရ လိုင်စင်ရထားသော ဘာသာရေးအမှုတော်ဆောင် တစ်ဦးဦးက ဝိနည်းနှင့်အညီ ထိမ်းမြားပေးခြင်း။

(၄) ဤအက်ဥပဒေအရ ခန့်အပ်ထားသော ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိ တစ်ဦးဦး ဖြစ်စေ၊ ယင်း၏ရှေ့မှောက်တွင်ဖြစ်စေ ဝိနည်းနှင့်အညီ ထိမ်းမြားပေးခြင်း။

(၅) နိုင်ငံရင်းသား ခရစ်ယာန်များ အချင်းချင်း ဆောင်ရွက်သော ထိမ်းမြားခြင်း အထောက်အထားလက်မှတ်များကို ထုတ်ပေးရန် ဤအက်ဥပဒေအရ လိုင်စင် ရထားသူ တစ်ဦးဦးက ဝိနည်းနှင့်အညီ ထိမ်းမြားပေးခြင်း။

ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းများ ဆောင်ရွက်ရန် ခွင့်ပြုခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း

၆။ နိုင်ငံတော်သမ္မတသည် အမိန့်ကြော်ငြာစာဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း ဝိနည်းနှင့် အညီ ထိမ်းမြားခြင်းများ ဆောင်ရွက်ပေးရန် ဘာသာရေးအမှုတော်ဆောင်များကို လိုင်စင်များ ထုတ်ပေး နိုင်သည်။ အလားတူ အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ အဆိုပါလိုင်စင်များကို ရုပ်သိမ်း နိုင်သည်။

ထိမ်းမြား ခြင်း မှတ်ပုံတင် အရာရှိများ

၇။ နိုင်ငံတော်သမ္မတသည် ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိချုပ်နှင့် မှတ်ပုံတင်အရာရှိများ တို့ကို ခန့်အပ်ရမည်။ နိုင်ငံတော်သမ္မတသည် ခရစ်ယာန်တစ်ဦး သို့မဟုတ် အများကို ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိများအဖြစ် အမည်ဖြင့်ဖြစ်စေ၊ ယင်းအချိန်တွင်ရှိသော ရုံးတစ်ရုံးရုံး၏ ရာထူးအလျောက်ဖြစ်စေ ခန့်အပ်နိုင်သည်။

**ဝါရင့်ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိ**

မည်သည့်ခရိုင်တွင်မဆို ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိတစ်ဦးထက် ပိုရှိပါက နိုင်ငံတော်သမ္မတသည် ယင်းတို့အနက် တစ်ဦးကို ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိကြီးအဖြစ် ခန့်အပ်ရမည်။

**ရာဇဝတ် တရားသူကြီးက ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိအဖြစ် ဆောင်ရွက်ရမည့်အချိန်**

ခရိုင်တစ်ခုတွင် ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိတစ်ဦးသာရှိပြီး အဆိုပါ မှတ်ပုံတင် အရာရှိသည် ထိုခရိုင်၌ မရှိသောအခါ သို့မဟုတ် ဖျားနာသောအခါ သို့မဟုတ် ယင်း၏ လုပ်ငန်း ယာယီ လစ်လပ်နေသောအခါ ခရိုင်တရားသူကြီးက ထိုသို့ ပျက်ကွက်၊ ဖျားနာ၊ ယာယီလစ်လပ်သော ကာလအတွင်းထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိအဖြစ် ဆောင်ရွက်ရမည်။

၈။ * * * *

နိုင်ငံရင်းသား ခရစ်ယာန်အချင်းချင်း ထိမ်းမြားခြင်းအတွက် အထောက်အထား လက်မှတ်များ ထုတ်ပေးရန် ပုဂ္ဂိုလ်များကို လိုင်စင်များပေး အပ်ခြင်း

၉။ နိုင်ငံတော်သမ္မတသည် မည်သည့် ခရစ်ယာန်တစ်ဦးကိုမဆို အမည်အားဖြင့် ဖြစ်စေ၊ ယင်းအချိန်တွင်ရှိသော ရုံးတစ်ရုံးရုံး၏ ရာထူးအလျောက်ဖြစ်စေ နိုင်ငံရင်းသားခရစ်ယာန်များ အချင်းချင်း ထိမ်းမြားသော အထောက်အထားလက်မှတ်များကို ထုတ်ပေးနိုင်သော အခွင့် အာဏာ ရှိသည့် လိုင်စင်ထုတ်ပေးနိုင်သည်။

နိုင်ငံတော်သမ္မတသည် မည်သည့်လိုင်စင်ကိုမဆို ရုပ်သိမ်းနိုင်သည်။ ထို့ပြင် ထိုသို့ ထုတ်ပေးမှု တိုင်း သို့မဟုတ် ရုပ်သိမ်းမှုတိုင်းကို ပြန်တမ်းတွင် ထည့်သွင်းကြေညာရမည်။

[အကယ်၍ ဤပုဒ်မအရ လိုင်စင်ရှိသောသူ တစ်ဦးက အပိုင်း ၆ အရ မည်သည့် ထိမ်းမြားမှုကိုမဆို ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးခြင်း သို့မဟုတ် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို အကျိုးသက်ရောက်စေခြင်း သို့မဟုတ် ယင်းတွင် ဖော်ပြထားသကဲ့သို့ မည်သည့်အထောက်အထား လက်မှတ်ကိုမဆို ထုတ်ပေးခြင်းသည် အဆိုပါ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို ဆောင်ရွက်သူ သို့မဟုတ် ထိမ်းမြားခြင်းကို အကျိုးသက်ရောက် စေသူထဲမှ တစ်ဦးက ထိုသို့ဆောင်ရွက်ချိန်တွင် ခရစ်ယာန်တစ်ဦး မဟုတ်ကြောင်း သိလျက်နှင့် ဆောင်ရွက်ခြင်းဖြစ်လျှင် ယင်း၏ လိုင်စင်ကို ပယ်ဖျက်ရမည်။ ထို့ပြင် ပုဒ်မ ၇၃ အရ ပြစ်မှုကို ကျူးလွန်ခြင်းအတွက် အပြစ်ရှိသည်ဟု မှတ်ယူရမည့်အပြင် ယင်းပုဒ်မအရ အပြစ် ပေးခြင်းကိုလည်း ခံရမည်။]

## အပိုင်း ၂

## ထိမ်းမြားခြင်းများကို ဝိနည်းနှင့်အညီ ဆောင်ရွက်နိုင်သော အချိန်နှင့် နေရာ

ထိမ်းမြားခြင်းကို ဝိနည်းနှင့်အညီ ဆောင်ရွက်ရန် အချိန်

၁၀။ ဤအက်ဥပဒေအရ ဆောင်ရွက်သော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းတိုင်းကို နံနက်(၆) နာရီ မှ ည (၇) နာရီအတွင်း ဆောင်ရွက်ရမည်။

**ခြွင်းချက်များ**

သို့ရာတွင် ဤပုဒ်မပါ မည့်သည့်အချက်မျှ အောက်ပါတို့နှင့် သက်ဆိုင်ခြင်းမရှိစေရ-

(၁) အင်္ဂလိကန် အသင်းတော်၏ ဘုန်းတော်ကြီးက မနက် (၆) နာရီမှ ည(၇)နာရီ အတွင်း မဟုတ်ဘဲ အခြားမည်သည့်အချိန်တွင်မဆို အင်္ဂလိကန်သာသနာပိုင်ဆရာတော် သို့မဟုတ် ယင်း၏ကိုယ်စားလှယ်တော်၏ တာဝန်အရနှင့် တံဆိပ်တုံးခပ်နှိပ်၍ ယင်းအား ခွင့်ပြုထားသော အထူးလိုင်စင်အရ ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးသော ထိမ်းမြားခြင်းတစ်ခု၊ သို့မဟုတ်

(၂) ရောမအသင်းတော်၏ ဘုန်းတော်ကြီးက ည ခုနစ် နာရီ မှ မနက် ခြောက် နာရီအတွင်း ရိုမန်ကက်သလစ် ဆရာတော်၏ သာသနာပိုင်နယ် သို့မဟုတ် ယင်း၏ သာသနာ နယ်ခွဲတစ်ခုတွင် ထိုဘုန်းတော်ကြီးကိုယ်စားဆောင်ရွက်ရန် အထွေထွေ လိုင်စင် သို့မဟုတ် အထူးလိုင်စင် လက်ခံရရှိထားသော သူက သို့မဟုတ် ထိုလိုင်စင်ကို ခွင့်ပြုရန် အခွင့်အာဏာရှိသော အလားတူ ဘုန်းတော်ကြီးထံမှ ခွင့်ပြုချက်ရရှိသော သူက ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးသော ထိမ်းမြားခြင်းတစ်ခု၊ သို့မဟုတ်

(၃) စကော့တလန် အသင်းတော်၏ ဘုန်းတော်ကြီးတစ်ဦးက စကော့တလန် အသင်းတော် ၏ စည်းမျဉ်းများ၊ ဝိနည်းတော်နှင့်အညီ ကျင်းပသော အခမ်းအနားများ၊ အခမ်း အနားများနှင့် ဓလေ့ထုံးစံများအရ ဆောင်ရွက်ပေးသောထိမ်းမြားခြင်း တစ်ခု။

ထိမ်းမြားခြင်း အခမ်းအနား ဆောင်ရွက်ရန် နေရာ

၁၁။ အဆိုပါနေရာမှ အတိုဆုံးလမ်းဖြင့် ငါးမိုင်အတွင်း ဘုရားကျောင်းမရှိခဲ့လျှင် သို့မဟုတ် အင်္ဂလိကန်သာသနာပိုင်ဆရာတော် သို့မဟုတ် ယင်း၏ကိုယ်စားလွှဲအပ်ခြင်းခံရသူ၏ တာဝန်အရနှင့် တံဆိပ်တုံးရိုက်နှိပ်၍ ယင်းအား ခွင့်ပြုထားသော အထူးလိုင်စင်အရ ဆောင်ရွက်ခြင်းမဟုတ်လျှင် အင်္ဂလိကန်အသင်းတော်မှ မည်သည့် ဘုန်းတော်ကြီးကမျှ ယင်းနေရာတွင် အင်္ဂလိကန် အသင်းတော် များ ပုံစံအရ သာမန်အားဖြင့် ဝတ်ပြုဆုတောင်းလေ့ရှိသော ဘုရားကျောင်း မဟုတ်သော အခြား တစ်နေရာတွင် မည်သည့် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကိုမျှ ဆောင်ရွက် မပေးရ။

**အထူးလိုင်စင် အတွက်အခကြေးငွေ**

အဆိုပါ အထူးလိုင်စင်အတွက် သာသနာပိုင်နယ်၏မှတ်ပုံတင်အရာရှိသည် အဆိုပါ ဘုန်းတော်ကြီးက အခါအားလျော်စွာ သတ်မှတ်နိုင်သည့်အဆိုပါ အခကြေးငွေကို တောင်းခံ နိုင်သည်။

## အပိုင်း ၃

## ဤအက်ဥပဒေအရ လိုင်စင်ရရှိထားသည့် ဘာသာရေးအမှုတော်ဆောင်များက ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးသောထိမ်းမြားခြင်းများ

ရည်ရွယ်ထား သည့်ထိမ်းမြား ခြင်းအတွက် အကြောင်း ကြားစာ

၁၂။ ဤအက်ဥပဒေအရ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းများ ဆောင်ရွက်ပေးရန် လိုင်စင် ရရှိထားသော ဘာသာရေးအမှုတော်ဆောင်တစ်ဦးသည် ဝိနည်းနှင့်အညီ ထိမ်းမြားမှုတစ်ခု ဆောင်ရွက်ပေးရန် ကြံရွယ်သည့်အခါ ထိမ်းမြားမည့်သူထဲမှ တစ်ဦးသည် နောက်ဆက်တွဲ ပထမဇယားပါ ပုံစံအတိုင်း အကြောင်းကြားစာကို စာဖြင့်ရေးသား၍ ပေးပို့ရမည်။ သို့မဟုတ် အလားတူ အကျိုးသက်ရောက် စေရန် သူ သို့မဟုတ် သူမက ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း ဆောင်ရွက်စေလိုသော ခရစ်ယာန် ဘုန်းတော်ကြီးထံ အောက်ပါအချက်များကို ဖော်ပြ၍ ပေးပို့ရမည်-

(က) ထိမ်းမြားရန်ကြံရွယ်သည့်သူတစ်ဦးစီ၏အမည် မျိုးရိုးအမည်၊ အလုပ်အကိုင် သို့မဟုတ် အခြေ အနေ

(ခ) ယင်းတို့တစ်ဦးစီ၏ နေထိုင်ရာအရပ်

(ဂ) ယင်းတို့၏နေရာတွင် ယင်းတို့ တစ်ဦးစီက မည်မျှကြာရှည်စွာ နေထိုင်ခဲ့ကြသည်၊ နှင့်

(ဃ) ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း ဆောင်ရွက်လိုသော ဘုရားကျောင်း သို့မဟုတ် နေအိမ်၊

သို့ရာတွင်၊ အကယ်၍ အဆိုပါသူနှစ်ဦးမှ တစ်ဦးသည် အကြောင်းကြားစာတွင် ဖော်ပြ ထားသောနေရာ၌ တစ်လထက်ပို၍ နေထိုင်ခဲ့ပြီး ဖြစ်ပါက သူ သို့မဟုတ် သူမသည် ယင်းနေရာတွင် တစ်လနှင့်အထက် နေထိုင်ခဲ့ကြောင်း ဖော်ပြနိုင်သည်။

အဆိုပါ အကြောင်းကြား စာကိုအများသိရှိရန် ကြေညာခြင်း

၁၃။ အကယ်၍ ထိမ်းမြားလိုသူတို့က သီးခြား ဘုရားကျောင်းတစ်ခုတွင် ဝိနည်းနှင့်အညီ ထိမ်းမြား လိုကြောင်း ကြံရွယ်ထားကြပြီး အကြောင်းကြားစာ ရရှိသော ဘာသာရေးအမှုတော်ဆောင် ကလည်း ယင်းဘုရားကျောင်းသို့ ဝင်ရောက်ဆောင်ရွက်ခွင့်ရှိသူဖြစ်ပါက သူသည်အဆိုပါ ဘုရားကျောင်း၏ မြင်သာသောနေရာများတွင် အဆိုပါ အကြောင်းကြားစာကို ကပ်ထားစေရမည်။

**အကြောင်းကြားစာကို ပြန်လည် ပေးပို့ခြင်း သို့မဟုတ် လွှဲပြောင်းပေးခြင်း**

သို့ရာတွင် အကယ်၍ ထို အမှုတော်ဆောင်သည် ယင်းဘုရားကျောင်းသို့ ဝင်ရောက် ဆောင်ရွက်ခွင့် မရှိသူဖြစ်ပါက ယင်းကို အကြောင်းကြားစာ ပေးသူထံ ယင်းစာကို ပြန်ပေးအပ် ခြင်းကိုဖြစ်စေ ယင်းဘုရားကျောင်းတွင် ဆောင်ရွက်ပိုင်ခွင့်ရှိသော အခြား အမှုတော်ဆောင်ထံ အကြောင်းကြားစာကို ပေးအပ်ခြင်းကိုဖြစ်စေ ရွေးချယ်ဆောင်ရွက်ရမည်။ အထက်ဖော်ပြပါ အတိုင်း ဘုရားကျောင်း၏ မြင်သာသော နေရာများတွင် အကြောင်းကြားစာကို ကပ်ထားစေရမည်။

ကိုယ်ပိုင်နေအိမ် တွင်ရည်ရွယ် ထားသည့်ထိမ်း မြားခြင်းအ တွက်အကြောင်း ကြားစာ

၁၄။ အကယ်၍ ထိမ်းမြားခြင်းကို သီးသန့်နေအိမ်တွင် ဝိနည်းနှင့်အညီ ဆောင်ရွက်ရန် ကြံရွယ်ပါက ပုဒ်မ ၁၂ တွင် သတ်မှတ်ထားသောအကြောင်းကြားစာ ရရှိသည့် ဘာသာရေး အမှုတော်ဆောင်သည် အကြောင်းကြား စာကို ခရိုင်ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိထံ ဆက်လက်ပေးပို့ရပြီး ထိုအရာရှိက ယင်းရုံး၏ မြင်သာသော နေရာများတွင် ထိုအကြောင်းကြားစာကို ကပ်ထားစေရမည်။

ထိမ်းမြားမည့် သူတစ်ဦးသည် အရွယ်မရောက် သူဖြစ်သည့်အခါ ထိမ်းမြားခြင်း အကြောင်းကြား စာမိတ္တူကို မှတ်ပုံတင်အရာရှိထံ ပေးပို့ခြင်း

၁၅။ ထိမ်းမြားရန် ကြံရွယ်သူ တစ်ဦးသည် အရွယ်မရောက်သူဖြစ်ပါက ထိုအကြောင်းကြားစာကို ရရှိသော အမှုတော်ဆောင်တိုင်းသည် ပုဒ်မ ၁၃ ၏ ပြဋ္ဌာန်းချက်များအရ ထိုစာကို လက်ခံရရှိ ပြီးနောက် နှစ်ဆယ်လေးနာရီအတွင်း ပြန်မပေးလျှင် စာတိုက်မှဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ ခရိုင်ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိထံ ထိုအကြောင်းကြားစာ၏ မိတ္တူကို ပေးပို့ရမည်။ သို့မဟုတ် အကယ်၍ ထိုခရိုင်တွင် မှတ်ပုံတင်အရာရှိတစ်ဦးထက်ပို၍ ရှိလျှင် ထိမ်းမြားခြင်း မှတ်ပုံတင် အရာရှိကြီးထံ ပေးပို့ရမည်။

အကြောင်းကြား စာရရှိပါက ဆောင်ရွက်ရ မည့်လုပ်ထုံး လုပ်နည်း

၁၆။ ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိ သို့မဟုတ် ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိကြီး သည်ကိစ္စရပ်ကိုလိုက်၍ ထိုအကြောင်းကြားစာကို လက်ခံရရှိသည့်အခါ ယင်း၏ရုံးအတွင်း မြင်သာသော နေရာများတွင် ကပ်ထားရမည်။ ထို့နောက် ယင်းအကြောင်းကြားစာမိတ္တူကို ယင်းခရိုင်အတွင်းရှိ အခြားသော ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိများထံ

တစ်စောင်စီ ပေးပို့ရမည်။ ထိုသူများကလည်း အထက်ညွှန်ကြားသည့် နည်းလမ်းအတိုင်း အလားတူ အများသိရှိနိုင်ရန် ကြေညာရမည်။

အကြောင်းကြားစာပေးပို့ကြောင်း အထောက်အထား လက်မှတ်ထုတ်ပေးခြင်းနှင့် ကြေညာချက် ပြုလုပ်ခြင်း

၁၇။ အထက်တွင် ဆိုခဲ့သော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို ဆောင်ရွက်ပေးရန် သဘောတူသော သို့မဟုတ် ရည်ရွယ်သော ဘာသာရေး အမှုတော်ဆောင်သည် အကြောင်းကြားစာ ပေးအပ်ခြင်း ခံရသောသူက သို့မဟုတ် ယင်း၏ကိုယ်စား ဆောင်ရွက်ပေးရန် လိုအပ်သူက ဤမှ နောက်တွင် လိုအပ်သော ကြေညာချက်ကို ထုတ်ပြန်ရန်အလို့ငှာ ထိမ်းမြားရန် ကြံရွယ်သူများထဲမှ တစ်ဦးကို ထိုအကြောင်းကြားစာ ထုတ်ပေးပြီးကြောင်းနှင့် အဆိုပါ ကြေညာချက်ကို ထုတ်ပြန်ပြီးကြောင်း အထောက်အထားလက်မှတ်ကို ယင်းက တာဝန်ယူ၍ ထုတ်ပေးရမည်။

**ခြွင်းချက်**

သို့ရာတွင်-

(၁) ထိုအမှုတော်ဆောင်သည် အကြောင်းကြားစာကို လက်ခံရရှိသောနေ့မှနောက် လေးရက် ကုန်ဆုံးသည့်တိုင်အောင် မည်သည့် အထောက်အထား လက်မှတ်ကိုမျှ ထုတ်ပေးခြင်း မပြုရ။

(၂) မည်သည့်အတွက် ထိုသို့ အထောက်အထားလက်မှတ်ကို ထုတ်ပေးခြင်း မပြုကြောင်း ဥပဒေနှင့်ညီသော အဟန့်အတား မရှိကြောင်းကို ထိုသူကျေနပ်စေရန် ပြသခြင်း မပြုရ။ ထို့ပြင်

(၃) ဤမှနောက်တွင် ဖော်ပြထားသည့် နည်းလမ်းအတိုင်း ယင်းကိစ္စကို ခွင့်ပြုနိုင်သော မည်သူမျှ ထိုအထောက်အထားလက်မှတ် ထုတ်ပေးခြင်းကို တားမြစ်ထားခြင်း မရှိကြောင်း ဖော်ပြခြင်း မပြုရ။

အထောက်အထား လက်မှတ် ထုတ်ပေးခြင်း မပြုမီကြေညာ ခြင်း

၁၈။ ပုဒ်မ ၁၇ တွင် ဖော်ပြထားသော အထောက်အထားလက်မှတ်ကို ထိမ်းမြားရန် ကြံရွယ်သူများထဲမှ တစ်ဦးက အမှုတော်ဆောင်၏ ရှေ့မှောက်တွင် လူကိုယ်တိုင် လာရောက်၍ အောက်ပါ အတိုင်း အတိအလင်း ကြေညာချက်ကို ပြုလုပ်လာသည့် အချိန်တိုင်အောင် ထုတ်ပေးခြင်း မပြုရ -

(က) သူ သို့မဟုတ် သူမက ယုံကြည်သည်မှာ အဆိုပါ ထိမ်းမြားခြင်းကို ဟန့်တားသော ဆွေမျိုးတော်စပ်မှု သို့မဟုတ် ထိမ်းမြားလက်ထပ်၍ ဆွေမျိုးတော်စပ်မှု သို့မဟုတ် အခြားဥပဒေအရ ဟန့်တားမှု မရှိကြောင်းနှင့် ယင်းတို့ နှစ်ဦးစလုံး သို့မဟုတ် နှစ်ဦးထဲမှ တစ်ဦးသည် အရွယ် မရောက်သူများဖြစ်ကြောင်း၊

(ခ) ကိစ္စရပ်ကို လိုက်၍ ယင်းကိစ္စအတွက် ဥပဒေအရ လိုအပ်သော သဘောတူညီချက် သို့မဟုတ် သဘောတူညီချက်များ ရရှိထားပြီးဖြစ်ကြောင်း၊ သို့မဟုတ် ထိုသဘော တူညီချက်ကို ပေးနိုင်သော အခွင့်အာဏာရှိသူ မည်သူမျှ ပြည်ထောင်စု မြန်မာ နိုင်ငံအတွင်း နေထိုင်ခြင်း မရှိကြောင်း။

ဖခင် သို့မဟုတ် အုပ်ထိန်းသူ သို့မဟုတ် မိခင်၏သဘော တူညီချက်

၁၉။ အရွယ်မရောက်သူ၏ ဖခင်သည် သက်ရှိထင်ရှားရှိလျှင် ဖခင်က၊ သို့မဟုတ် အကယ်၍ ဖခင်သေဆုံးပြီးဖြစ်လျှင် ယင်း၏ အုပ်ထိန်းသူက၊ ထိုအုပ်ထိန်းသူလည်း မရှိလျှင် ထိုအရွယ် မရောက်သူ၏ မိခင်က အရွယ်မရောက်သူ၏ ထိမ်းမြားခြင်းကို သဘောတူညီချက် ပေးနိုင်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းတွင် ထိုသဘောတူညီချက်ကို

ပေးနိုင်ခွင့်ရှိသူ မည်သူမျှ နေထိုင်ခြင်း မရှိသောအခါမှတစ်ပါး အလားတူ ထိမ်းမြားခြင်းအတွက် ထိုသဘောတူညီချက်ကို ရယူရန် လိုအပ်စေရမည်။

အထောက်အထား လက်မှတ်ထုတ် ပေးခြင်းကို အကြောင်းကြား စာဖြင့်တားမြစ် ရန်အခွင့်အာဏာ

၂၀။ ပုဒ်မ ၁၉ အရ ထိမ်းမြားခြင်းအတွက် လိုအပ်သော သဘောတူညီချက်ကို ပေးခွင့်ရှိသူတိုင်း သည် အမှုတော်ဆောင်က အထောက်အထားလက်မှတ် ထုတ်ပေးခြင်း မပြုမီ မည်သည့် အချိန်၌မဆို ထိုအမှုတော်ဆောင်ထံ စာဖြင့်ရေးသား အကြောင်းကြားလျက် အထက်တွင် ဆိုခဲ့သည့်အတိုင်း အခွင့်ပေးနိုင်သော သူ သို့မဟုတ် သူမ၏ အမည်၊ အတည်တကျနေထိုင်သော အရပ်နှင့် ရာထူးအဆင့်နှင့် ထိမ်းမြားရန် ကြံရွယ်သောသူ နှစ်ဦးအနက် တစ်ဦးဦးနှင့် မည်သို့ တော်စပ်ပုံ စသည်တို့ကို ရေးသားဖော်ပြလျက် အမှုတော်ဆောင်က အထောက်အထား လက်မှတ် ထုတ်ပေးခြင်းကို တားမြစ်ခွင့်ရှိသည်။

အကြောင်းကြားစာရရှိပါက ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်း

၂၁။ အကယ်၍ ထိုအမှုတော်ဆောင်သည် ထိုအကြောင်းကြားစာကို လက်ခံရရှိပါက ယင်း၏ အထောက်အထားလက်မှတ်ကို ထုတ်ပေးခြင်း မပြုရ။ ထိုတားမြစ်ချက်ကို စစ်ဆေးခြင်း မပြုမီ အမှုတော်ဆောင်၏ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို တားမြစ်သူသည် ထိုသို့ တားမြစ်ခြင်းအတွက် ဥပဒေအရ အခွင့်အာဏာ မရှိကြောင်း ကျေနပ်လျှင် သို့မဟုတ် အကြောင်းကြားစာကို ပေးပို့သူက အဆိုပါ အကြောင်းကြားစာကို ပြန်လည်ရုပ်သိမ်းသည်အထိ ထိုဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို ဆောင်ရွက်ပေးခြင်း မပြုရ။

အရွယ်မရောက်သူ ကိစ္စတွင် အထောက်အထား လက်မှတ်ထုတ် ပေးခြင်း

၂၂။ ထိမ်းမြားရန် ကြံရွယ်သူနှစ်ဦးအနက် တစ်ဦးဦးသည် အရွယ်မရောက်သူ ဖြစ်သည့်အခါ ပုဒ်မ ၁၉ အရ ထိုထိမ်းမြားခြင်းအတွက် လိုအပ်သော သဘောတူညီချက်ကို ပေးနိုင်သူ၏ သဘောဆန္ဒကို ကျေနပ်ခြင်း မရှိလျှင် ထိုအမှုတော်ဆောင်သည် ထိမ်းမြား လိုကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်နေ့မှ ဆယ့်လေးရက် ကုန်ဆုံးသည့်တိုင်အောင် ထို အထောက်အထားလက်မှတ်ကို ထုတ်ပေးခြင်း မပြုရ။

နိုင်ငံရင်းသား ခရစ်ယာန်များ အားအထောက် အထားလက်မှတ် များထုတ်ပေးခြင်း

၂၃။ ထိမ်းမြားမည့် နိုင်ငံရင်းသားခရစ်ယာန်တစ်ဦးက ထိမ်းမြားလိုကြောင်း အကြောင်းကြား စာကို ဘာသာရေးအမှုတော်ဆောင်ထံ ယူဆောင်လာသောအခါ သို့မဟုတ် ပုဒ်မ ၁၇ အရ ထို အမှုတော်ဆောင်ထံ အထောက်အထားလက်မှတ် လျှောက်ထားသောအခါ ထိုအမှုတော်ဆောင်သည် အထောက်အထားလက်မှတ် ထုတ်မပေးမီ၊ ထိုနိုင်ငံရင်းသားခရစ်ယာန်၏ ဆိုလိုချက်ကို သိရှိရန်နှင့် ထိုအကြောင်းကြားစာ သို့မဟုတ် အထောက်အထားလက်မှတ်၏ အကျိုးသက်ရောက်မှုကို နိုင်ငံရင်းသား ခရစ်ယာန်က ကိစ္စရပ်အလိုက် သေချာစွာ သိရှိစေရမည်။ ထို့ပြင် မသေချာပါက ထိုနိုင်ငံရင်းသား ခရစ်ယာန်က ထိုအကြောင်းကြားစာ သို့မဟုတ် အထောက်အထားလက်မှတ်ကို နားလည်စေရန် ယင်းနားလည်သော ဘာသာစကားသို့ပြန်ဆိုရမည် သို့မဟုတ် ပြန်ဆိုစေရမည်။

အထောက် အထားလက်မှတ်ပုံစံ

၂၄။ ထိုအမှုတော်ဆောင်က ထုတ်ပေးမည့် အထောက်အထားလက်မှတ်သည် နောက်ဆက်တွဲ ဒုတိယဇယားတွင် ပါဝင်သော ပုံစံအတိုင်း ဖြစ်ရမည်။ သို့မဟုတ် အလားတူ အကျိုးသက်ရောက်ခြင်း ရှိစေရမည်။

ထိမ်းမြားခြင်းကို ဝိနည်းနှင့်အညီ ဆောင်ရွက် ပေးခြင်း

၂၅။ ထိုအမှုတော်ဆောင်က အထောက်အထားလက်မှတ် ထုတ်ပေးပြီးသောအခါ ထိုပုံစံတွင် ဖော်ပြထားသူတို့၏ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို ဆောင်ရွက်ရမည်။ သို့မဟုတ် အမှုတော်ဆောင်က သင့်သည်ထင်မြင်သည့်အတိုင်း အခမ်းအနား ဆောင်ရွက်ပေးရမည်။

သို့ရာတွင် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို အမှုတော်ဆောင်အပြင် သက်သေအနည်းဆုံး နှစ်ဦး၏ ရှေ့မှောက်တွင် ဆောင်ရွက်ရမည်။

နှစ်လအတွင်း ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို မဆောင်ရွက်လျှင်အထောက်အထားလက်မှတ် ပျက်ပြယ်ခြင်း

၂၆။ အထက်ဆိုခဲ့သည့်အတိုင်း ထိုအမှုတော်ဆောင်က အထောက်အထားလက်မှတ် ထုတ်ပေး သည့်နေ့၏ နောက်နှစ်လအတွင်း ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို မဆောင်ရွက် သည့်အခါ ထိုအထောက်အထားလက်မှတ်နှင့် ယင်းနှင့် စပ်လျဉ်းသော ဆောင်ရွက်မှုများ အားလုံး (ရှိခဲ့လျှင်) ပျက်ပြယ်စေရမည့်အပြင် အကြောင်းကြားစာကို အသစ်ပေးပို့လာသည့်တိုင်အောင်နှင့် အထက် ဆိုခဲ့သည့်အတိုင်း အထောက်အထားလက်မှတ် ထုတ်ပေးသည့်တိုင်အောင် ထိုဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို မည်သူကမျှ ဆက်လက် ဆောင်ရွက်ပေးခြင်း မပြုရ။

## အပိုင်း ၄

## ဘာသာရေးအမှုတော်ဆောင်များက ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးသော ထိမ်းမြားခြင်းများကို မှတ်ပုံတင်ခြင်း

ထိမ်းမြားခြင်း များကိုမည်သည့် အခါမှတ်ပုံတင် ရခြင်း

၂၇။ ဤအက်ဥပဒေ၏ အပိုင်း ၅ သို့မဟုတ် အပိုင်း ၆ အရ ဆောင်ရွက်သော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းများမှတစ်ပါး တစ်ဦး သို့မဟုတ် နှစ်ဦးစလုံးက ခရစ်ယာန် ဘာသာကို ယုံကြည်ကိုးကွယ်သူများ၏ ပြည်ထောင်စုမြန်မာနိုင်ငံတွင် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းများ အားလုံးကို ဤမှနောက်တွင် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းအတိုင်း မှတ်ပုံတင်ရမည်။

အင်္ဂလိကန်အသင်း တော် ဘုန်းတော်ကြီးများက ဆောင်ရွက် ပေးသော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းများကို မှတ်ပုံတင်ခြင်း

၂၈။ အင်္ဂလိကန်အသင်းတော်၏ ဘုန်းတော်ကြီးတိုင်းသည် ထိမ်းမြားခြင်းများ မှတ်ပုံတင်ကို ထိန်းသိမ်းထားရမည်။ ဤအက်ဥပဒေအရ ယင်းဆောင်ရွက်ပေးသော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းတိုင်းကို ဤအက်ဥပဒေ၏ တတိယဇယားတွင်သတ်မှတ်ထားသော ပုံစံဖြင့် စာရင်း ပြုလုပ်ပြီး မှတ်ပုံတင်ထားရမည်။

သာသနာပိုင်ရုံးသို့ သုံးလတစ်ကြိမ် အစီရင်ခံစာများ ပေးပို့ခြင်း၊

၂၉။ အင်္ဂလိကန်အသင်းတော်၏ ဘုန်းတော်ကြီးတိုင်းသည် ယင်းတာဝန်ယူရသော ဒေသ အတွင်းရှိ ဘုရားကျောင်းတွင် ယင်းဆောင်ရွက်ပေးသော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းများ၏ မှတ်ပုံတင်စာရင်းကို ရေးသွင်း၍မှန်ကြောင်း ယင်း၏ လက်မှတ်ရေးထိုးထားသော အထောက် အထား မူရင်းခွဲကို တစ်နှစ်လျှင် လေးကြိမ် ယင်းဘုရားကျောင်း

တည်ရှိရာဒေသရှိ သာသနာပိုင်ရုံး၏ မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည် သို့မဟုတ် ထိုအရပ် ဒေသတည်ရှိရာနေရာ၏ ကန့်သတ်ချက်အတွင်း ဆောင်ရွက်ရမည်။

**ပေးပို့သော အစီ ရင်ခံစာများတွင် ပါဝင်မည့် အကြောင်း အရာများ**

ထိုသုံးလတစ်ကြိမ် အစီရင်ခံစာတွင် နှစ်စဉ် ဇန်နဝါရီလ တစ်ရက်နေ့မှ မတ်လ သုံးဆယ့်တစ် ရက်နေ့အထိလည်းကောင်း၊ ဧပြီလ တစ်ရက်နေ့မှ ဇွန်လ သုံးဆယ်ရက်နေ့ အထိလည်းကောင်း၊ ဇူလိုင်လ တစ်ရက်နေ့မှ စက်တင်ဘာလ သုံးဆယ်ရက်နေ့ အထိ လည်းကောင်း၊ အောက်တိုဘာလ တစ်ရက်နေ့မှ ဒီဇင်ဘာလ သုံးဆယ့်တစ်ရက်နေ့ အထိလည်းကောင်း အဆိုပါ မှတ်ပုံတင် စာရင်းတွင် ပါဝင်သော ထိမ်းမြားခြင်း အားလုံး၏ ရေးသွင်းချက်များ ပါဝင်ရမည်။ အထက်ပါ သတ်မှတ် ထားသောကာလ တစ်ခုစီ ကုန်ဆုံးပြီး နှစ်ပတ်အတွင်း အဆိုပါ ခရစ်ယာန် ဘုန်းတော်ကြီးက ပေးပို့ရမည်။

ထိုအစီရင်ခံစာကို လက်ခံရရှိသော မှတ်ပုံတင်အရာရှိသည် ထိမ်းမြားခြင်း မှတ်ပုံတင် အရာရှိချုပ်ထံသို့ မိတ္တူတစ်စုံ ပေးပို့ရမည်။

ရောမအသင်းတော် ဘုန်းတော်ကြီး များက ဆောင်ရွက်ပေး သော ဝိနည်းနှင့် အညီ ထိမ်းမြား ခြင်းများကို မှတ်ပုံတင် ခြင်းနှင့် ပြန်လည် ပေးပို့ခြင်း

၃၀။ ရောမအသင်းတော်၏ ဘုန်းတော်ကြီးက ဆောင်ရွက်ပေးသော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းတိုင်းကို ထိုထိမ်းမြားခြင်း ဆောင်ရွက်သော သာသနာနယ်ခွဲတစ်ခု သို့မဟုတ် သာသနာပိုင်နယ်၏ ရိုမန်ကက်သလစ် သာသနာပိုင် ဆရာတော်က ဤကိစ္စအလို့ငှာ ညွှန်ကြားခြင်းခံရသူသည် ညွှန်ကြားသည့်ပုံစံအတိုင်း မှတ်ပုံတင်ရမည်။ အဆိုပါ ပုဂ္ဂိုလ်က လွန်ခဲ့သော သုံးလအတွင်း ယင်းက မှတ်ပုံတင်ပေးခဲ့သော ထိမ်းမြားခြင်း အားလုံး ရေးသွင်းထားသော အစီရင်ခံစာကို ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိချုပ်ာ ထံ သုံးလ တစ်ကြိမ် ဆက်လက်ပေးပို့ရမည်။

စကော့တလန် အသင်းတော် ခရစ်ယာန်ဘုန်း တော်ကြီးများက ဆောင်ရွက်ပေးသော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း များကို မှတ်ပုံ တင်ခြင်းနှင့် ပြန် လည်ပေးပို့ခြင်း

၃၁။ စကော့တလန် အသင်းတော်၏ ဘုန်းတော်ကြီးတိုင်းသည် ထိမ်းမြားခြင်းများ၏ မှတ်ပုံတင်ကို ထိန်းသိမ်းထားရမည်။ ဤအက်ဥပဒေအရ ယင်းတို့ ဆောင်ရွက်ပေးသော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းတိုင်းကို ဤအက်ဥပဒေ၏ တတိယဇယားတွင် သတ်မှတ်ထားသော ပုံစံဖြင့် စာရင်း ပြုလုပ်ပြီး မှတ်ပုံတင်ရမည်။ အဆိုပါ ထိမ်းမြားခြင်းတိုင်းကို ပုဒ်မ ၂၉ တွင် ပြဋ္ဌာန်းထားသည့်အတိုင်း စကော့တလန်ရှိ အသင်းတော်၏ဝါတော်ရတာဝန်ခံဘုန်းတော်ကြီးမှ တစ်ဆင့် ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိချုပ်ာ ထံသို့ သုံးလတစ်ကြိမ် ပေးပို့ရမည်။

မူရင်းခွဲ နှစ်စောင် ပြုလုပ်၍ မှတ်ပုံတင်ရန် လိုအပ်သည့် ထိမ်းမြားခြင်းများ

၃၂။ သာသနာပိုင်ဆရာတော်အဖြစ် သိက္ခာတင်ထားသောသူ၊ သို့သော် အင်္ဂလိကန်၏ သို့မဟုတ် ရောမ အသင်းတော်၏ ဘုန်းတော်ကြီး မဟုတ်သော်လည်း ဘာသာရေးအမှုတော်ဆောင် ခန့်အပ်ခြင်းခံရ သောသူ သို့မဟုတ် ဤအက်ဥပဒေအရ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း လိုင်စင် ရရှိထားသော ဘာသာရေးအမှုတော်ဆောင်က ဆောင်ရွက်ပေးသော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းတိုင်းကို ဆောင်ရွက်ပြီးသည်နှင့် ချက်ချင်း သတ်မှတ်ထားသော ပုံစံဖြင့် စာရင်း ပြုလုပ်ပြီး

မူရင်းခွဲဖြင့် မှတ်ပုံတင်ထားရမည်။ (ဆိုလိုသည်မှာ) ထိုကိစ္စအလို့ငှာ ယင်းထိန်းသိမ်းထားသော ထိမ်းမြားခြင်း မှတ်ပုံတင်စာအုပ်တွင် ဤအက်ဥပဒေ၏ နောက်ဆက်တွဲ စတုတ္ထ ဇယားတွင် သတ်မှတ်ထားသော ပုံစံဖြင့် စာရင်းပြုလုပ်ပြီး ထိန်းသိမ်းထားရှိရမည်။ ထိမ်းမြားခြင်း မှတ်ပုံတင် စာအုပ်တွင် ပူးတွဲထားရှိသော အထောက်အထားလက်မှတ်ကို လက်ခံ ဖြတ်ပိုင်းအဖြစ် ထားရှိရမည်။

ထိမ်းမြားခြင်းများ၏ ရေးသွင်း ချက်များကို လက်မှတ်ထိုး၍ မှန်ကန်ကြောင်း အတည်ပြုခြင်း

၃၃။ အထောက်အထားလက်မှတ်နှင့် ထိမ်းမြားခြင်းမှတ်ပုံတင်စာအုပ် နှစ်ခုစလုံးတွင် အဆိုပါ ထိမ်းမြားခြင်းကိုရေးသွင်းပြီး၊ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို ဆောင်ရွက်ပေးသူက လက်မှတ်ရေးထိုး ရမည်။ ထို့နောက် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း ပြုသူနှစ်ဦးက လက်မှတ် ရေးထိုးရမည်။ ထိမ်းမြားခြင်းကို ဆောင်ရွက်ပေးသူနှင့် ထိမ်းမြားသူနှစ်ဦးမှတစ်ပါး ယုံကြည်ထိုက်သော သက်သေ နှစ်ဦးကမှန်ကြောင်း လက်မှတ်ရေးထိုးရမည်။ အဆိုပါ ရေးသွင်းမှုတိုင်းကို စာအုပ်၏ အစမှ အဆုံး အစဉ်အတိုင်း ပြုလုပ်ရမည်။ အထောက်အထားလက်မှတ် နံပါတ်မှာလည်း ထိမ်းမြားခြင်း မှတ်ပုံတင် စာအုပ်တွင် ရေးသွင်းချက်နှင့် ကိုက်ညီရမည်။

အထောက်အထားလက်မှတ်ကို ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိထံ ပေးပို့ခြင်း၊ မိတ္တူကူး၍ မှတ်ပုံတင်အရာရှိ ချုပ်ထံ ပေးပို့ခြင်း

၃၄။ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို ဆောင်ရွက်ပေးသူသည် ထိမ်းမြားခြင်း မှတ်ပုံတင် စာအုပ်မှ အထောက်အထားလက်မှတ်ကို ချက်ချင်း သီးခြားပြုလုပ်၍ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း ဆောင်ရွက်ချိန်မှ တစ်လအတွင်း ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း ဆောင်ရွက်ရာ ဒေသ၏ခရိုင် ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။ သို့မဟုတ် ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိ တစ်ဦးထက် ပိုရှိပါက ဝါရင့်သောထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။ ထိုသူက ထိုအထောက်အထား လက်မှတ်ကို ယင်းကိစ္စအလို့ငှာ ယင်းထံတွင် ထိန်းသိမ်းထားသော စာအုပ်အတွင်းသို့ ကူးရေးစေရမည်။ တစ်လအတွင်း ယင်းလက်ခံရရှိသော အထောက်အထား လက်မှတ် အားလုံး၌ ဤမှနောက်တွင် လိုအပ်သည့်အတိုင်း နံပါတ်တပ်၊ လက်မှတ်ရေးထိုးပြီး ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိချုပ်ထံ ပေးပို့ရမည်။

အထောက်အထားလက်မှတ်များ၏ မိတ္တူများကို ရေးသွင်းခြင်းနှင့် နံပါတ်စဉ်တပ်ခြင်း

၃၅။ ထိုမိတ္တူများကို အဆိုပါ စာအုပ်တွင် အစမှအဆုံး အစဉ်လိုက် ရေးသွင်းရမည်။ ကူးယူသော အထောက်အထားလက်မှတ်၏ နံပါတ်အတိုင်း ဆောင်ရွက်ရမည်။ အထောက်အထား လက်မှတ် တစ်ခုစီကို ယင်းလက်ခံရရှိသည့် အစီအစဉ်အတိုင်း အဆိုပါ စာအုပ်၌ အဆိုပါမိတ္တူကို ရေးသွင်းရာတွင် ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိက ရေးသွင်းသော နံပါတ်အတိုင်း ဖော်ပြလျက် ရေးသွင်းရမည်။

မှတ်ပုံတင်အရာရှိက အထောက်အထားလက်မှတ်ကို နံပါတ်ရေးသွင်း ဖြည့်စွက်ပြီး မှတ်ပုံ တင်အရာရှိချုပ်ထံ ပေးပို့ခြင်း

၃၆။ ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိသည် စာအုပ်တွင် ရေးသွင်းသော နောက်ဆုံးဖော်ပြသည့် နံပါတ်ကို အထောက်အထားလက်မှတ်တွင် ဖြည့်စွက်ဖော်ပြပြီး ယင်း၏ လက်မှတ် သို့မဟုတ် လက်မှတ်တို ရေးထိုးကာ လစဉ် လကုန်သည့်အခါ ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိချုပ်ာထံ ပေးပို့ရမည်။

နိုင်ငံရင်းသား ခရစ်ယာန် အချင်းချင်း ထိမ်းမြားခြင်းကို မှတ်ပုံတင်ခြင်း

၃၇။ နိုင်ငံရင်းသားခရစ်ယာန်အချင်းချင်း ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို အဆိုပါပုဒ်မ ၅ ၏ ပုဒ်မခွဲ (၁)၊ (၂) သို့မဟုတ် (၃) တွင် ရည်ညွှန်းထားသကဲ့သို့ ဘုန်းတော်ကြီး သို့မဟုတ် ဘာသာရေးအမှုတော် ဆောင်များက ဆောင်ရွက်ပေးရာတွင် ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးသူသည် ပုဒ်မ ၂၈ မှ ၃၆ အထိ ယင်းပုဒ်မ နှစ်ခုစလုံး အပါအဝင် ပြဋ္ဌာန်းထားသည့် နည်းလမ်းများအတိုင်း ဆောင်ရွက် ရမည့်အစား သီးခြား မှတ်ပုံတင်စာအုပ်တွင် ထိမ်းမြားခြင်းကို မှတ်ပုံတင်ခဲ့လျှင် ယင်းစာအုပ် ကုန်ဆုံးအောင် ဖြည့်သွင်းပြီး လုံခြုံစွာ ထိန်းသိမ်းထားရမည်။ သို့မဟုတ် အကယ်၍ ယင်းသည် ထိုစာအုပ် မကုန်မီ ယင်း ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း ဆောင်ရွက်ပေးခဲ့သော ခရိုင်မှ ထွက်ခွာသွားရလျှင် ထိုခရိုင်တွင် ယင်း၏ တာဝန်များကို ဆက်ခံဆောင်ရွက်မည့်သူက ထိုကဲ့သို့ ဆက်လက် ဆောင်ရွက်ရန် အပ်နှံခဲ့ရမည်။

**မှတ်ပုံတင်စာအုပ် ထိန်းသိမ်းခြင်းနှင့် စီမံခန့်ခွဲခြင်း**

ယင်းစာအုပ်ဖြည့်သွင်းချက်များ ကုန်ဆုံးသည့်အခါ ယင်းစာအုပ်ကို ထိန်းသိမ်း စောင့်ရှောက်သူသည် ခရိုင်ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည် သို့မဟုတ် အကယ်၍ ယင်းဒေသတွင် ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိ တစ်ဦးထက် ပိုမိုပါက ဝါရင့်သော ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။ ယင်းက ယင်း၏ရုံးတွင် ထိန်းသိမ်းထားသော ထိုမှတ်တမ်း များကို ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိချုပ်ာထံ ပေးပို့ရမည်။

## အပိုင်း ၅

## ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိတစ်ဦးက ဆောင်ရွက်သော သို့မဟုတ် ယင်း၏ရှေ့မှောက်တွင် ဆောင်ရွက်သော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းများ

ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိ ရှေ့မှောက်တွင် ရည်ရွယ်ထားသည့် ထိမ်းမြားခြင်း အတွက် အကြောင်းကြားစာ

၃၈။ ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိကဖြစ်စေ၊ ယင်း၏ရှေ့မှောက်တွင်ဖြစ်စေ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းတစ်ခုကို ဆောင်ရွက်ရန်ကြံရွယ်သည့်အခါ အဆိုပါထိမ်းမြားမည့်သူ နှစ်ဦးအနက် တစ်ဦးက နောက်ဆက်တွဲဖြင့် ဖော်ပြထားသော ပထမဇယားတွင် ပါရှိသည့်ပုံစံဖြင့်ဖြစ်စေ၊ အလားတူ အကျိုးသက်ရောက်မှုရှိသည့်ပုံစံဖြင့်ဖြစ်စေ စာဖြင့်ရေးသားထားသော အကြောင်းကြားစာကို ယင်းတို့နေထိုင်ရာ အရပ်ရှိ ခရိုင်ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။ သို့မဟုတ် အကယ်၍ ယင်းတို့သည် သီးခြားဒေသတစ်ခုစီတွင် နေထိုင်သူများဖြစ်လျှင် ခရိုင်တစ်ခုစီတွင် ရှိသော ခရိုင်ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိထံ အလားတူ အကြောင်းကြားစာကို ပေးပို့ရမည်။ ထို့ပြင် ထိုအကြောင်းကြားစာတွင် ထိမ်းမြားလိုသူ တို့၏ အမည်၊ မျိုးရိုးအမည်၊ အလုပ်အကိုင် သို့မဟုတ် အခြေအနေ၊ ယင်းတို့နေထိုင်ရာ ဒေသများ၊ ယင်းဒေသတွင် ယင်းတို့အခြေစိုက် နေထိုင်သော ကာလနှင့် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း ဆောင်ရွက်လိုသော နေရာဒေသတို့ကို ဖော်ပြရမည်။

သို့ရာတွင် ထိမ်းမြားမည့်သူ တစ်ဦးဦးသည် အကြောင်းကြားစာတွင် ဖော်ပြထားသော နေရာ၌ တစ်လထက်ပို၍ နေထိုင်ခဲ့ပြီးဖြစ်လျှင် သူ သို့မဟုတ် သူမသည် ယင်းဒေသတွင် တစ်လနှင့်အထက် နေထိုင်ခဲ့ကြောင်း ဖော်ပြရမည်။

အကြောင်းကြားစာကို အများသိရှိ နိုင်ရန်ကြေညာ ခြင်း

၃၉။ ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိတိုင်းသည် အဆိုပါ အကြောင်းကြားစာကို ရရှိသည့်အခါ ယင်းကို မိတ္တူကူး၍ မိမိ၏ရုံးအတွင်း မြင်သာသောနေရာများတွင် ကပ်ထားရမည်။

ထိမ်းမြားရန်ကြံရွယ်သူ တစ်ဦးသည် အရွယ်မရောက်သူဖြစ်ပါက ထိမ်းမြားခြင်း မှတ်ပုံတင် အရာရှိတိုင်းသည် အဆိုပါ ထိမ်းမြားခြင်းအတွက် အကြောင်းကြားစာ ရရှိပြီး နှစ်ဆယ့်လေး နာရီ အတွင်း ထိုခရိုင်အတွင်းရှိ အခြားထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိများ (ရှိလျှင်)ထံ စာတိုက်မှ ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ထိုအကြောင်းကြားစာ၏ မိတ္တူကို ပေးပို့ရမည်။ ယင်းတို့က အဆိုပါ အကြောင်းကြားစာကို မိတ္တူကူး၍ ယင်းတို့၏ရုံးများအတွင်း မြင်သာသော နေရာများတွင် အလားတူ ကပ်ထားစေရမည်။

အကြောင်းကြားစာကို ဖိုင်တွဲရန်နှင့် မိတ္တူကို ထိမ်းမြားခြင်း အကြောင်းကြားစာ စာအုပ်တွင် ရေးသွင်းခြင်း

၄၀။ ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိသည် အဆိုပါ အကြောင်းကြားစာများကို ဖိုင်တွဲပြီး ယင်း၏ ရုံးတွင် မှတ်တမ်းများနှင့်အတူ ထိန်းသိမ်းထားရမည်။ နိုင်ငံတော်သမ္မတက ယင်းကိစ္စအလို့ငှာ ယင်းထံ ပေးပို့သောစာအုပ်တွင် အဆိုပါ နို့တစ်စာအားလုံး၏ မိတ္တူမှန်ကို ချက်ချင်း ရေးသွင်းရမည်။ ယင်းစာအုပ်ကို ထိမ်းမြားခြင်းအကြောင်းကြားစာ စာအုပ်ဟု ခေါ်ဆိုရမည်။ ထိမ်းမြားခြင်း အကြောင်းကြားစာ စာအုပ်ကို စစ်ဆေးလိုသူများအား အခကြေးငွေ မယူဘဲ ကြည့်ရှုနိုင်ရန် သင့်လျော်သော အချိန်များတွင် ထားရှိရမည်။

အကြောင်းကြားစာပေးပို့ထားကြောင်းနှင့် ကျမ်းကျိန် ဆိုထားကြောင်း အထောက်အထား လက်မှတ်

၄၁။ အကယ်၍ အကြောင်းကြားစာပေးပို့သော ထိမ်းမြားလိုသူတစ်ဦးက ထိမ်းမြားခြင်း မှတ်ပုံတင် အရာရှိထံမှ ဤမှနောက်တွင် ဖော်ပြထားသော အထောက်အထားလက်မှတ်ကို ထုတ်ပေးရန် တောင်းဆိုလာပါက၊ ထို့ပြင် ထိမ်းမြားရန်ကြံရွယ်သူများထဲမှ တစ်ဦးက ဤမှနောက်တွင် လိုအပ် သည့်အတိုင်း ကျမ်းကျိန်မှုပြုလုပ်ပါက ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိသည် ထိုအကြောင်းကြား စာပေးပို့ခြင်းကို လက်ခံရရှိကြောင်းနှင့် ယင်းက ကျမ်းကျိန်မှုပြုလုပ်ထားကြောင်း ယင်းက တာဝန်ယူ၍ အထောက်အထားလက်မှတ်တစ်စောင် ထုတ်ပေးရမည်။

**ခြွင်းချက်**

သို့ရာတွင်-

ထိုအထောက်အထားလက်မှတ်ကို မည်သည့်အတွက် ထုတ်မပေးသင့်ကြောင်း၊ ဥပဒေအရ အဟန့်အတား မရှိကြောင်းကို ယင်းတို့ ကျေနပ်စေရန် ပြသရမည်၊

ဤအက်ဥပဒေအရ ယင်းကိစ္စအတွက် အခွင့်အာဏာပေးအပ်ခြင်း ခံရသူတစ်ဦးဦး က ဤမှနောက်တွင် ဖော်ပြထားသည့် နည်းလမ်းအတိုင်း ထိုအထောက်အထားလက်မှတ် ထုတ်ပေးခြင်းကို တားမြစ်ထားခြင်း မရှိစေရ၊

ထိုအကြောင်းကြားစာ လက်ခံရရှိပြီးနောက် လေးရက် ကုန်ဆုံးသည့်အခါ၊ ဆက်လက်၍ ကျမ်းကျိန်ချက်အရ ထိမ်းမြားရန်ကြံရွယ်သူများအနက် တစ်ဦးသည် အရွယ်မရောက်သူ ဖြစ်ကြောင်း ပေါ်ပေါက်ပါက အဆိုပါအကြောင်းကြားစာ ရေးသွင်းပြီးနောက် ဆယ့်လေးရက် ကုန်ဆုံးသည့်အခါတွင် ထုတ်ပေးရမည်။

အထောက်အထားလက်မှတ်မထုတ် ပေးမီ ကျမ်းကျိန် ဆိုခြင်း

၄၂။ ထိမ်းမြားရန်ကြံရွယ်သူများထဲမှ တစ်ဦးက ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိ ရှေ့မှောက် သို့ ရောက်ရှိပြီး အောက်ပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကျမ်းကျိန်ဆိုမှု ပြုသည့်တိုင်အောင် ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၄၁ တွင် ဖော်ပြထားသော အထောက်အထား လက်မှတ်ကို ထုတ်ပေးခြင်း မပြုရ -

(က) သူ သို့မဟုတ် သူမက ယုံကြည်သည်မှာ အဆိုပါထိမ်းမြားခြင်းအား ဟန့်တားသော ဆွေမျိုးတော်စပ်မှု သို့မဟုတ် ထိမ်းမြား၍ ဆွေမျိုးတော်ရခြင်း သို့မဟုတ် ဥပဒေအရ ဟန့်တားမှု မရှိကြောင်း၊ နှင့်

(ခ) ထိမ်းမြားမည့်သူ နှစ်ဦးစလုံးသည် သို့မဟုတ် (၄င်းတို့ နေထိုင်နေသောနေရာသည် မတူညီသော ထိမ်းမြားခြင်းမှတ်ပုံတင် အရာရှိများ၏ ခရိုင်များအတွင်း ဖြစ်နေပါက) ထိုကျမ်းကျိန်ချက်ကို ပြုလုပ်သူများသည် များသောအားဖြင့် အဆိုပါ ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိ၏ ခရိုင်အတွင်းတွင် အမြဲနေထိုင်လေ့ရှိကြောင်းနှင့် ထိမ်းမြား မည့်သူ နှစ်ဦးအနက် တစ်ဦး သို့မဟုတ် တစ်ဦးချင်းစီသည် အရွယ်မရောက်သူများ ဖြစ်ကြောင်း၊

(ဂ) ကိစ္စရပ်တစ်ခုချင်းစီအလိုက် အဆိုပါ ထိမ်းမြားခြင်းအတွက် ဥပဒေအရ လိုအပ်သော သဘောတူညီချက် သို့မဟုတ် သဘောတူညီချက်များကို ရရှိကြောင်း သို့မဟုတ် ရရှိပြီးကြောင်း သို့မဟုတ် ထိုသဘောတူညီချက်ကို ပေးနိုင်သူ မည်သူမျှ ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်ခြင်း မရှိကြောင်း။

၄၃။ * * *

ဖခင် သို့မဟုတ် အုပ်ထိန်းသူ၏ သဘောတူညီချက်

၄၄။ ပုဒ်မ ၁၉ ၏ ပြဋ္ဌာန်းချက်များသည် ထိမ်းမြားမည့်သူထဲမှတစ်ဦးသည် အရွယ်မရောက်သူ ဖြစ်သည့်အခါ ဤအပိုင်းပါ ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်စေရမည်။

**အထောက်အထားလက်မှတ်ထုတ် ပေးခြင်းကို ကန့်ကွက်ခြင်း**

ထို့ပြင် ထိုထိမ်းမြားခြင်းအတွက် သဘောတူညီချက်ပေးရမည့်သူက အဆိုပါ အထောက် အထားလက်မှတ်ကို ထုတ်ပေးခြင်း မပြုမီ မည်သည့်အခါတွင်မဆို ထိမ်းမြားခြင်း မှတ်ပုံတင် အရာရှိက အထောက်အထားလက်မှတ်ကို ထုတ်ပေးခြင်း မပြုရန် စာဖြင့် ရေးသားထားသော ကန့်ကွက်ခြင်းကို ပြုလုပ်နိုင်သည်။ "တားမြစ်သည်" ဟူသည့် စကားရပ်သည် ထိမ်းမြားခြင်း အကြောင်းကြားစာ စာအုပ်တွင် အဆိုပါ ထိမ်းမြားလိုကြောင်း အကြောင်းကြားစာကို ရေးသွင်းခြင်းအား ဆန့်ကျင်ခြင်းဖြစ်သည်။ ယင်းစာအုပ်တွင် ထိမ်းမြားမည့်သူ တစ်ဦးဦးနှင့် စပ်လျဉ်း၍ သူ သို့မဟုတ် သူမ၏အမည်၊ နေထိုင်ရာအရပ်၊ သူ သို့မဟုတ် သူမ၏ အခြေအနေ၊ သူ သို့မဟုတ် သူမအား မည်သည့်အကြောင်းကြောင့် အခွင့်အာဏာ အပ်နှင်းကြောင်း ရေးသွင်း ရမည်။

**ကန့်ကွက်ခြင်း၏ အကျိုးသက် ရောက်မှု**

ထိုကန့်ကွက်ချက်ရေးသွင်းပြီးပါက ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိသည် ကန့်ကွက်ချက် အပေါ် စုံစမ်းစစ်ဆေးပြီး၊ ထိုထိမ်းမြားခြင်းအတွက် အထောက်အထားလက်မှတ် ထုတ်ပေးခြင်းကို ပိတ်ပင်ခွင့် မရှိကြောင်း ကျေနပ်သည့်တိုင်အောင် သို့မဟုတ် ကန့်ကွက်သူက ကန့်ကွက်ချက်ကို ရုပ်သိမ်းသည်တိုင်အောင် အထောက်အထားလက်မှတ်ကို ထုတ်ပေးခြင်း မပြုရ။

သဘောတူညီချက် ပေးရမည့်သူသည် ရူးသွပ်နေခြင်း သို့မဟုတ် သဘောတူညီချက်ကို ထုတ်မပေးဘဲ ထားရှိခြင်းအတွက် လျှောက်ထားခြင်း

၄၅။ ဤအပိုင်းအရ ထိမ်းမြားခြင်းအတွက် လိုအပ်သည့် သဘောတူညီမှုပေးမည့်သူသည် စိတ်ပေါ့သွပ်သူဖြစ်နေပါက သို့မဟုတ် အကယ်၍ ထိုသူသည် (ဖခင်မှလွဲ၍) ထိမ်းမြားခြင်းကို မည်သည့်အကြောင်းပြချက်မျှ မရှိဘဲ ထိမ်းမြားခြင်းကို သဘောတူညီချက် မပေးလျှင် ထိမ်းမြားရန် ကြံရွယ်သူများသည် ခရိုင်တရားသူကြီးထံ အသနားခံစာ တင်သွင်းနိုင်သည်။

**လျှောက်ထား ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း**

ထို့ပြင် ခရိုင်တရားသူကြီးသည် ထိုအသနားခံစာတွင် ပါရှိသော စွပ်စွဲချက်များကို အကျဉ်းနည်းဖြင့် စစ်ဆေးပြီး အကယ်၍ စစ်ဆေးတွေ့ရှိချက်အရ ထိုထိမ်းမြားခြင်းသည် သင့်လျော်ကြောင်း ပေါ်ပေါက်ပါက ထိုခရိုင် တရားသူကြီးသည် သင့်လျော်သည့် ထိမ်းမြားခြင်း ဖြစ်ကြောင်း ကြေညာရမည်။

ထိုကြေညာချက်သည် ထိုထိမ်းမြားခြင်းအတွက် သဘောတူညီချက်ပေးရန် လိုအပ်သော သူထံမှ သဘောတူညီချက် ရယူပြီးဖြစ်သကဲ့သို့ သက်ရောက်စေရမည့်ပြင် အကယ်၍ ယင်းက ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိ၏ အထောက်အထားလက်မှတ် ထုတ်ပေးခြင်းကို တားမြစ် မည်ဆိုပါက ထိုအထောက်အထား လက်မှတ်ကို ထုတ်ပေးရမည်ဖြစ်ပြီး ထိုအထောက်အထား လက်မှတ် ထုတ်ပေးခြင်းကို တားမြစ်ခြင်း မပြုသကဲ့သို့ ထိမ်းမြားခြင်းနှင့် စပ်လျဉ်း၍ ဤအပိုင်းအရ အလားတူ ဆောင်ရွက်ရန်အချက်များကို ဆောင်ရွက်နိုင်သည်။

ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိက အထောက် အထားလက်မှတ် ထုတ်ပေးရန် ငြင်းဆိုခြင်း အတွက် လျှောက် ထားခြင်း

၄၆။ ဤအပိုင်းအရ ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိက အထောက်အထားလက်မှတ် ထုတ်ပေးခြင်းကို ငြင်းဆိုသောအခါ ထိမ်းမြားရန် ကြံရွယ်သူများထဲမှ တစ်ဦးက ခရိုင် တရားသူကြီးထံ အသနားခံစာ တင်သွင်းနိုင်သည်။

ထိုခရိုင်တရားသူကြီးသည် ထိုအသနားခံစာတွင် ပါရှိသော စွပ်စွဲချက်များကို အကျဉ်းနည်းဖြင့် စစ်ဆေးပြီး ဆုံးဖြတ်ရမည်။

**လျှောက်ထားခြင်းဆိုင်ရာ လုပ်ထုံး လုပ်နည်း**

ထိုခရိုင်တရားသူကြီး၏ ဆုံးဖြတ်ချက်သည် အပြီးသတ်ဖြစ်စေရမည်။ အထောက်အထားလက်မှတ် ထုတ်ပေးရန် မူလလျှောက်ထားခြင်း ခံရသော ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိသည် ယင်းဆုံးဖြတ်ချက် နှင့်အညီ ဆက်လက်ဆောင်ရွက်ရမည်။

၄၇။ * * *

မှတ်ပုံတင်အရာရှိက တားမြစ်ထားသည့် သူ၏အခွင့်အာဏာအပေါ် သံသယရှိသောအခါလျှောက် ထားခြင်း

၄၈။ ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိသည် ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်အရ ဆောင်ရွက် ရသည့်အခါ အထောက်အထားလက်မှတ် ထုတ်ပေးခြင်းကို တားမြစ်သောသူအား ဥပဒေက ထိုသို့ပြုလုပ်ရန် ခွင့်ပြုသည်ကို မကျေနပ်ပါက ထိုထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိသည် ခရိုင်တရားသူကြီး ထံ အသနားခံစာဖြင့် လျှောက်ထားနိုင်သည်။

**လျှောက်ထားခြင်းအတွက် လုပ်ထုံး လုပ်နည်း**

ထိုအသနားခံစာတွင် အမှု၏ အခြေအနေအားလုံးကို ဖော်ပြရမည်။ ယင်းနှင့် စပ်လျဉ်း၍ တရားရုံး၏ အမိန့်နှင့်ညွှန်ကြားချက်ကို တောင်းခံရမည်။ ထိုခရိုင်တရားသူကြီးသည် ထိုအသနားခံ စာတွင် ပါရှိသော စွပ်စွဲချက်များ၊ အမှု၏ အခြေအနေအားလုံးကို စစ်ဆေးရမည်။ အကယ်၍ ထိုစစ်ဆေးချက်တွေ့ရှိချက် အရ အထောက်အထားလက်မှတ် ထုတ်ပေးခြင်းကို တားမြစ်သော သူသည် ဥပဒေအရ ထိုသို့ပြုလုပ်ရန် အခွင့်အာဏာမရှိကြောင်း ပေါ်ပေါက်ပါက ခရိုင် တရားသူကြီးသည် အထက်ဆိုခဲ့သည့်အတိုင်း အထောက်အထားလက်မှတ်ထုတ်ပေးခြင်းကို တားမြစ်သူသည် ဥပဒေအရ ထိုသို့ပြုရန် အခွင့်အာဏာ မရှိကြောင်း ကြေညာရမည်။ ထိုကြေညာချက် အရ အထောက်အထားလက်မှတ်ထုတ်ပေးရမည်။ ထိုအထောက်အထားလက်မှတ် ထုတ်ပေးခြင်းကို တားမြစ်ခြင်းမပြုသကဲ့သို့ မှတ်ယူပြီး ထိုထိမ်းမြားခြင်းနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်အချက်များကို ဆက်လက် ဆောင်ရွက်နိုင်သည်။

နိုင်ငံတော်သမ္မတသည် အထောက်အထားလက်မှတ်ထုတ်ပေးခြင်းကို တားမြစ်သောသူက ဥပဒေအရ ထိုသို့ပြုလုပ်ရန် အခွင့်အာဏာမရှိကြောင်း ယူဆလျှင် အထက်ဆိုခဲ့သည့်အတိုင်း အထောက်အထား လက်မှတ်ထုတ်ပေးခြင်းကို တားမြစ်သောသူ၌ ဥပဒေအရ ထိုသို့ပြုလုပ်ရန် အခွင့်အာဏာမရှိကြောင်း ကြေညာရမည်။ ထိုကြေညာချက်အရအထောက်အထားလက်မှတ် ထုတ်ပေးရမည်။ ထိုအထောက်အထား လက်မှတ်ထုတ်ပေးခြင်းကို တားမြစ်ခြင်းမပြုသကဲ့သို့ မှတ်ယူ ပြီး ထိုထိမ်းမြားခြင်း နှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်အချက်များကို ဆက်လက်ဆောင်ရွက်နိုင်သည်။

အထောက်အထား လက်မှတ်ထုတ်ပေး ခြင်းကို အရေး မယူထိုက်ဘဲ ကန့်ကွက်ခြင်း အတွက် တာဝန်ရှိခြင်း

၄၉။ ဤအပိုင်းအရ ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိက အထောက်အထား လက်မှတ် ထုတ် ပေးခြင်းကို အကြောင်းပြချက်ဖြင့် ကန့်ကွက်သူ မည်သူ့ကို မဆို ထိုထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိက ပုဒ်မ ၄၄ အရ ဖြစ်စေ၊ ခရိုင်တရားသူကြီးက ပုဒ်မ ၄၅ သို့မဟုတ် ၄၆ အရဖြစ်စေ အရေးမယူ ထိုက်ကြောင်း၊ အထောက်အထားလက်မှတ်ထုတ်ပေးခြင်းကို တားမြစ်ခြင်း မပြုနိုင်ကြောင်း ကြေညာခြင်းအပေါ် အခြေခံ၍ နစ်နာမှုအတွက် လျော်ကြေးအဖြစ် တရားစရိတ် အားလုံးနှင့် နစ်နာကြေးရရှိရန် ကန့်ကွက်ခြင်းခံရသူက ကန့်ကွက်သူအပေါ် တရားမမှု စွဲဆိုခွင့် ရှိစေရမည်။

အထောက်အထား လက်မှတ်ပုံစံ

၅၀။ ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်များအရ ထိမ်းမြားခြင်း မှတ်ပုံတင် အရာရှိက အထောက်အထား လက်မှတ်ကို ဤအက်ဥပဒေ၏ နောက်ဆက်တွဲအဖြစ် ပူးတွဲထားသော ဒုတိယဇယားပါ ပုံစံဖြင့် သို့မဟုတ် ထိုသို့ အကျိုးသက်ရောက်မှုရှိသော ပုံစံဖြင့်ထုတ်ပေးရမည်။ နိုင်ငံတော်သမ္မတသည် ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိတိုင်းကို လုံလောက်သော အထောက်အထားလက်မှတ်ပုံစံများ ထုတ်ပေးထားရမည်။

အထောက်အထား လက်မှတ်ထုတ် ပေးပြီးနောက် ထိမ်းမြားခြင်းကို ဝိနည်းနှင့်အညီ ဆောင်ရွက်ခြင်း

၅၁။ ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိက အထောက်အထားလက်မှတ်ကို ထုတ်ပေးပြီးနောက် ဖြစ်စေ ဤအက်ဥပဒေအရ အကြောင်းကြားစာကို အခြားခရိုင်အတွင်းရှိ ထိမ်းမြားခြင်း မှတ်ပုံတင် အရာရှိများထံ ပေးပို့ရန် လိုအပ်သည့်ကိစ္စများတွင်

ထိုခရိုင်များအတွက် ထိမ်းမြားခြင်း မှတ်ပုံတင် အရာရှိက အထောက်အထားလက်မှတ်များကို ထုတ်ပေးပြီးနောက်ဖြစ်စေ ထိုအထောက်အထား လက်မှတ် သို့မဟုတ် အထောက်အထားလက်မှတ်များတွင် ဥပဒေအရ ထိမ်းမြားခြင်းကို အဟန့်အတား မရှိကြောင်း ဖော်ပြပါရှိလျှင် ထိုထိမ်းမြားခြင်းပုံစံနှင့် အခမ်းအနားကို ယင်းတို့သင့်သည်ဟု ထင်မြင်သည့်အတိုင်း ကျင်းပ ပြုလုပ်နိုင်သည်။

ထိုဝိနည်းနှင့်အညီ ထိမ်းမြားခြင်းအားလုံးကို ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိများ (အထက်ဆိုခဲ့သည့် အတိုင်း အထောက်အထားလက်မှတ် သို့မဟုတ် အထောက်အထား လက်မှတ်များကို ပေးအပ်ခဲ့သူတို့)၏ ရှေ့မှောက်တွင် ပြုလုပ်ရမည်။ ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိအပြင် ယုံကြည်ထိုက်သော သက်သေနှစ်ဦး သို့မဟုတ် နှစ်ဦးထက်ပိုသော သက်သေများရှေ့တွင် ပြုလုပ် ရမည်။

အခမ်းအနား၏ အချို့သောအပိုင်းများတွင် ထိမ်းမြားမည့်သူများက အောက်ပါအတိုင်း သို့မဟုတ် ထိုသို့သဘောသက်ရောက်သော ကြေညာချက်ကို ပြုလုပ်ရမည်။

"ကျွန်ုပ် ဝိနည်းနှင့်အညီ ကြေညာသည်မှာ - ကျွန်ုပ် A.B. သည် C.D.နှင့်ထိမ်းမြားမှု မပြုသင့်ကြောင်း ဥပဒေအရ အဟန့်အတား ပိတ်ပင်ထားသည့်အချက် မရှိဟု ကျွန်ုပ်သိရှိပါသည်။"

ထို့ပြင်ထိမ်းမြားမည့်သူတစ်ဦးသည် ကျန်တစ်ဦးအား အောက်ပါအတိုင်း သို့မဟုတ် ထိုသို့သဘော သက်ရောက်သော စကားကို ပြောရမည်။

"ကျွန်ုပ်သည် ယခုတက်ရောက်လာသော အသိသက်သေများရှေ့မှောက်တွင် ကျွန်ုပ် A.B. သည် သင် C.D.အား ကျွန်ုပ်၏ တရားဝင်ထိမ်းမြားထားသောဇနီး (သို့မဟုတ် ခင်ပွန်း) အဖြစ် တရားဝင် ရယူပါသည်။"

အကြောင်းကြားစာ ပေးပို့ပြီးနောက် နှစ်လအတွင်း ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း မဆောင်ရွက်သောအခါ အကြောင်းကြားစာအသစ် လိုအပ်ခြင်း

၅၂။ ပုဒ်မ ၄၀ အရ လိုအပ်သော အကြောင်းကြားစာနှင့် အထောက်အထားလက်မှတ် ရှိခဲ့လျှင် အကြောင်းကြားစာ မိတ္တူကို ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိက ရေးသွင်းပြီးနောက် နှစ်လအတွင်း ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း မဆောင်ရွက်နိုင်ပါက ယင်းအပေါ်တွင် အခြားသောကိစ္စများ ဆက်လက် ဆောက်ရွက်ခြင်းများ အားလုံးပျက်ပြယ်စေရမည်။ ထို့ပြင် မည်သူမျှ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို ဆက်လက် ဆောက်ရွက်ခြင်းမရှိစေရ။ သို့တည်းမဟုတ် မည့်သည့်ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိကမျှ နောက်ထပ် အကြောင်း ကြားစာ အသစ်ပေးပို့သည့်တိုင်အောင် ဆိုခဲ့သည့် နည်းလမ်းအတိုင်း ဆိုခဲ့သည့်အချိန်က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ပေးပို့ထားပြီးသော အကြောင်းကြား စာကို ရေးသွင်းခြင်း မပြုရ။

ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိက မှတ်ပုံတင်ရေးအတွက် အချက်အလက်များတောင်းခံနိုင်ခြင်း

၅၃။ ဤအပိုင်းအရ ထိမ်းမြားခြင်းကို ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးမည့် ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်ရန်လိုအပ်သော အဆိုပါ ထိမ်းမြားခြင်းနှင့် စပ်ဆိုင်သည့် အချက်များကို ထိမ်းမြားမည့် သူများထံမှ မေးမြန်းနိုင်သည်။

အပိုင်း-၅ အရ ဆောင်ရွက်သော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို မှတ်ပုံတင်ခြင်း

၅၄။ ဤအပိုင်းအရ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို ဆောင်ရွက်ပြီးနောက် ယင်း၏ရှေ့မှောက် တွင် ထိမ်းမြားခြင်း ဆောင်ရွက်ပေးသည့် မှတ်ပုံတင်အရာရှိသည် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း ပြုပြီးသည်နှင့် ချက်ချင်း မူရင်းခွဲပြုလုပ်၍ မှတ်ပုံတင်ထားရမည်။ ဆိုလိုသည်မှာ ထိုကိစ္စအလို့ငှာ ယင်းထိန်းသိမ်းထားသော ထိမ်းမြားခြင်း မှတ်ပုံတင်စာအုပ်၏ နောက်ဆက်တွဲ စတုတ္ထဇယားတွင် သတ်မှတ်ထားသော ပုံစံဖြင့် စာရင်းပြုလုပ်ပြီး မှတ်ပုံတင်ထားရမည်။ ထိမ်းမြားခြင်း မှတ်ပုံတင် စာအုပ်တွင် အထောက်အထား လက်မှတ်၏ လက်ခံဖြတ်ပိုင်းနှင့်အတူ မိတ္တူကိုလည်း လက်ခံဖြတ်ပိုင်း အဖြစ် ပူးတွဲထားရမည်။

အထောက်အထားလက်မှတ်နှင့် ထိမ်းမြားခြင်း မှတ်ပုံတင်စာအုပ် နှစ်ခုစလုံးတွင် အဆိုပါ ထိမ်းမြားခြင်းကို ရေးသွင်းပြီး၊ ထိမ်းမြားခြင်းကို ဝိနည်းနှင့်အညီ ဆောင်ရွက် ပေးသည့် **ပုဂ္ဂိုလ်ရှိလျှင် ထိုပုဂ္ဂိုလ်က လက်မှတ်ရေးထိုးရမည်။** အကယ်၍ ယင်းနေရာတွင် မှတ်ပုံတင်အရာရှိ ရှိလျှင် ယင်းကိုယ်တိုင် ထိမ်းမြားခြင်းကို ဝိနည်းနှင့်အညီ တက်ရောက်ဆောင်ရွက်ပေးသည်ဖြစ်စေ၊ မဆောင်ရွက်ပေးသည်ဖြစ်စေ၊ ယင်းက လက်မှတ်ရေး ထိုးရမည်။ ထို့ပြင် မှတ်ပုံတင်အရာရှိနှင့် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို ဆောင်ရွက်ပေးသူ နှစ်ဦးမှတစ်ပါး ယုံကြည်ထိုက်သော အသိသက်သေ နှစ်ဦးက မှန်ကန်ကြောင်း လက်မှတ်ရေးထိုး ရမည်။

အဆိုပါ ရေးသွင်းမှုတိုင်းကို စာအုပ်အစမှအဆုံး အစဉ်တိုင်း ပြုလုပ်ရမည်။ အထောက်အထား လက်မှတ်၏ နံပါတ်မှာလည်း ထိမ်းမြားခြင်း မှတ်ပုံတင်စာအုပ်ရှိနံပါတ်နှင့် ကိုက်ညီရမည်။

မှတ်ပုံတင် အရာရှိချုပ်ထံလစဉ် ပေးပို့ရမည့် အထောက် အထားလက်မှတ် များ

၅၅။ ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိသည် ထိမ်းမြားခြင်း မှတ်ပုံတင်စာအုပ်မှ အထောက်အထား လက်မှတ်ကို ချက်ချင်းသီးခြားပြုလုပ်၍ လစဉ် လကုန်သောအခါတိုင်း ထိမ်းမြားခြင်း မှတ်ပုံတင် အရာရှိချုပ်ထံပေးပို့ရမည်။

**မှတ်ပုံတင်စာအုပ်ကို ထိန်းသိမ်းခြင်း**

ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိသည် ယင်းစာအုပ်ကုန်ဆုံးသည့်တိုင်အောင် ဖြည့်သွင်းပြီး လုံခြုံစွာ ထိန်းသိမ်း၍ ထိုမှတ်တမ်းများကို ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိချုပ်ထံ ယင်း၏ ရုံးမှတ်တမ်းများနှင့်တကွ ထိန်းသိမ်းရန် ပေးပို့ရမည်။

၅၆။ * * * *

အကြောင်းကြားစာ နှင့် အထောက် အထား လက်မှတ် အကြောင်းကို နိုင်ငံရင်းသားခရစ်ယာန်များကနား လည်ပြီးဖြစ် ကြောင်း သေချာ စေရန် ဆောင်ရွက် ရမည့် မှတ်ပုံတင် အရာရှိများ

၅၇။ မည်သည့်နိုင်ငံရင်းသားခရစ်ယာန်မဆို ထိမ်းမြားလိုသည်ဖြစ်၍ ထိမ်းမြားရန်အကြောင်း ကြားစာကို ပေးပို့သောအခါ သို့မဟုတ် ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိထံမှ အထောက်အထား လက်မှတ် လျှောက်ထားသောအခါ အဆိုပါ ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိသည် ထို နိုင်ငံရင်းသားခရစ်ယာန်က အင်္ဂလိပ်ဘာသာကို နားလည်နိုင်စွမ်းရှိမရှိ သေချာစွာသိရှိ စေရမည်။ အကယ်၍ ထိုသူသည် နားလည်နိုင်စွမ်းမရှိလျှင် ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိသည် ထိုအကြောင်းကြားစာ သို့မဟုတ် အထောက်အထားလက်မှတ်ကို သို့မဟုတ် နှစ်ခုစလုံးကို လိုအပ်ပါက ထိုနိုင်ငံရင်းသားခရစ်ယာန် နားလည်နိုင်သော ဘာသာစကားသို့ ဘာသာပြန်ဆို ပေးရမည် သို့မဟုတ် ဘာသာပြန်ဆိုရမည်။

သို့မဟုတ် ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိသည် ထိုအကြောင်းကြားစာ သို့မဟုတ် အထောက်အထားလက်မှတ်၏ ရည်ရွယ်ချက်နှင့် အကျိုး သက်ရောက်မှုကို ထိုနိုင်ငံရင်းသားခရစ်ယာန် နားလည်ခြင်း ရှိ မရှိ သေချာစွာ စိစစ်ရမည်။

နိုင်ငံရင်းသား ခရစ်ယာန်များက ကြေညာချက်များကို နားလည်စေရန် ပြုလုပ်ခြင်း

၅၈။ မည်သည့်နိုင်ငံရင်းသားခရစ်ယာန်မဆို ဤအပိုင်းပါ ပြဋ္ဌာန်းချက်များအရ ထိမ်းမြား သောအခါ ဝိနည်းနှင့်အညီ ထိမ်းမြားပေးသည့်သူသည် ထိုနိုင်ငံရင်းသားခရစ်ယာန်က အင်္ဂလိပ်ဘာသာကို နားလည် နိုင်စွမ်း ရှိ မရှိ သေချာစွာစိစစ်ရမည်။ အကယ်၍ ထိုသူသည် နားလည် နိုင်စွမ်းမရှိလျှင် ဝိနည်းနှင့်အညီ ထိမ်းမြားပေးမည့်သူသည် ဝိနည်းနှင့်အညီ ထိမ်းမြားချိန်တွင် ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ထိုထိမ်းမြားခြင်း ဆောင်ရွက်ရာ၌ ကြေညာချက်များကို ထိုနိုင်ငံရင်းသား ခရစ်ယာန် နားလည်နိုင်သော ဘာသာစကားသို့ ဘာသာပြန်ဆိုရမည် သို့မဟုတ် ဘာသာပြန်ဆို စေရမည်။

နိုင်ငံရင်းသား ခရစ်ယာန်များ အချင်းချင်း ထိမ်းမြားခြင်းကို မှတ်ပုံတင်ခြင်း

၅၉။ ဤအပိုင်းအရ နိုင်ငံရင်းသားခရစ်ယာန် အချင်းချင်းထိမ်းမြားခြင်းများ၏ မှတ်ပုံတင်ခြင်းကို ပုဒ်မ ၃၇ တွင် ချမှတ်ထားသော စည်းမျဉ်းများနှင့်အညီ ပြုလုပ်ရမည်။ (၎င်းတို့နှင့် သက်ဆိုင်နိုင်သ၍ သက်ဆိုင်စေရမည်။) အခြားနည်း မပြုလုပ်ရ။

## အပိုင်း ၆

## နိုင်ငံရင်းသားခရစ်ယာန်များ၏ထိမ်းမြားခြင်း

နိုင်ငံရင်းသား ခရစ်ယာန်များ၏ ထိမ်းမြားခြင်းကို မှန်ကန်ကြောင်း တရားဝင် ဖော်ပြနိုင်သည့် စည်း ကမ်းချက်များ

၆၀။ နိုင်ငံရင်းသားခရစ်ယာန်များအချင်းချင်း ထိမ်းမြားခြင်းအတွက် အထောက်အထား လက်မှတ်ကို အပိုင်း ၃ အရ လိုအပ်သောကြိုတင် အကြောင်းကြားစာ ပေးပို့ရန် မလိုဘဲ အကယ်၍ အောက်ပါစည်းကမ်းချက်များနှင့်ပြည့်မီလျှင် ဤအပိုင်းအရ မှန်ကန်ကြောင်း သက်သေခံချက် ပေးနိုင်သည်၊ အခြားနည်း မပြုလုပ်ရ-

(၁) ထိမ်းမြားလိုသူ ယောကျ်ားလေး၏ အသက်သည် ဆယ့်ခြောက်နှစ်ပြည့်ပြီး ဖြစ်ရမည်။ ထိမ်းမြားလိုသူ မိန်းကလေး၏အသက်သည် ဆယ့်ငါးနှစ်ပြည့်ပြီး ဖြစ်ရမည်။

(၂) ထိမ်းမြားလိုသူ နှစ်ဦးစလုံးတွင် သက်ရှိထင်ရှား ရှိနေသော ဇနီး သို့မဟုတ် ခင်ပွန်း မရှိစေရ။

(၃) ပုဒ်မ ၉ အရ လိုင်စင်ရရှိထားသူနှင့် ယင်းမှတစ်ပါးယုံကြည်လောက်သော အသိသက်သေအနည်းဆုံး နှစ်ဦး၏ ရှေ့မှောက်တွင် ထိမ်းမြားမည့်သူနှစ်ဦးသည် တစ်ဦးကို တစ်ဦး အောက်ပါအတိုင်း ပြောကြားရမည်-

"ကျွန်ုပ်သည် ဤသူများအား ဤနေရာသို့ အသိသက်သေအဖြစ် ဖိတ်ခေါ် ပြီး၊ အနန္တတန်းခိုတော်ရှင် ဘုရားသခင်၏ ရှေ့မှောက်နှင့် ကျွန်ုပ်တို့၏ အရှင်သခင် ယေရှုခရစ်တော်၏ အမည်နာမတော်အရ သင် C.D. အား ကျွန်ုပ်၏တရားဝင်ထိမ်းမြား ထားသော [ဇနီး သို့မဟုတ် ခင်ပွန်း] သို့မဟုတ် အလားတူ အဓိပ္ပာယ်သက်ရောက်သော စကားလုံးများဖြင့် တရားဝင် ထိမ်းမြားပါသည်။"

သို့ရာတွင် ပုဒ်မ ၁၉ တွင် ဖော်ပြထားသော အဆိုပါ သဘောတူညီချက်ကို ထိမ်းမြားရန် ကြံရွယ်သောကိစ္စအတွက် ပေးပြီးဖြစ်လျှင်မှတစ်ပါး သို့မဟုတ် ထိုသဘောတူညီချက်ပေးရန် အခွင့်ရှိသူတစ်ဦး တစ်ယောက်မျှသက်ရှိထင်ရှား

မရှိကြောင်း ထင်ရှားလျှင်မှတစ်ပါး မည်သည့် ထိမ်းမြားခြင်းကြိုရွယ်သူများထဲမှ တစ်ဦးဦးသည် အသက်ဆယ့်ရှစ်နှစ် မပြည့်သေးပါက ဤအပိုင်းအရ ထိမ်းမြားခြင်းသည် မှန်ကန်ကြောင်း သက်သေခံချက်မဖြစ်စေရ။

အထောက်အထားလက်မှတ်ထုတ်ပေးခြင်း

၆၁။ ဤအပိုင်းအရ ဆောင်ရွက်သောမည်သည့် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းမဆို ပုဒ်မ ၆၀ တွင် ပြဋ္ဌာန်းထားသော စည်းကမ်းချက်များနှင့် ပြည့်စုံပြီးဖြစ်ပါက အထက်ဖော်ပြပါလိုင်စင် ရရှိထားသူ၏ ရှေ့မှောက်တွင် ထိုကြေညာချက် ပြုလုပ်ခဲ့လျှင် အဆိုပါထိမ်းမြားသူတစ်ဦးက ငွေ တစ်ထောင်ကျပ်ပေးဆောင်၍ ထိမ်းမြားခြင်းအတွက် အထောက်အထားလက်မှတ်ထုတ်ပေးရန် လျှောက်ထားခဲ့လျှင် ထိုအထောက်အထားလက်မှတ်ကို ထုတ်ပေးရမည်။ အထောက်အထား လက်မှတ်တွင် အဆိုပါ လိုင်စင်ရသူက လက်မှတ်ရေးထိုးရမည်။ ထို့ပြင် ထိုထိမ်းမြားခြင်း အတည်ဖြစ်သင့် မဖြစ်သင့် စွဲဆိုသောတရားမကြီးမှုတွင် ယင်းသို့ ဆောင်ရွက်ခဲ့ ခြင်းသည် အပြီးအပြတ် သက်သေခံချက်ဖြစ်စေရမည်။

မှတ်ပုံတင်စာအုပ် ကိုထိန်းသိမ်းခြင်းနှင့် ယင်းမှကောက် နုတ်ချက်များကို မှတ်ပုံတင် အရာရှိချုပ်ထံသို့ အပ်နှံခြင်း

၆၂။ ပုဒ်မ ၉ အရ လိုင်စင်ရရှိထားသူတိုင်းသည် ယင်း၏ရှေ့မှောက်တွင် ဆောင်ရွက်ပေးသော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းတိုင်း၏ မှတ်ပုံတင်စာအုပ်ကို နိုင်ငံတော်သမ္မတက အခါအားလျော်စွာ သတ်မှတ်ထားသောပုံစံဖြင့် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းဆောင်ရွက်ရာ ခရိုင် သို့မဟုတ် ပြည်နယ်တွင် အသုံးပြုသော တိုင်းရင်းသား ဘာသာစကား သို့မဟုတ် အင်္ဂလိပ်ဘာသာဖြင့် ထိန်းသိမ်းထားရမည်။ ယင်း၏ မှတ်ပုံတင်စာအုပ်တွင် ထိုအပိုင်းအခြားကာလ၏ နောက်ဆုံးနေ့ အထိ ပြုလုပ်ထားသော ရေးသွင်းချက်အားလုံးမှန်ကန်ကြောင်းနှင့် အစစ်အမှန်ဖြစ်ကြောင်း ထင်ရှား စေသည့်ကောက်နုတ် ချက်များကို နိုင်ငံတော်သမ္မတက အခါအားလျော်စွာ သတ်မှတ်ထားသော ပုံစံဖြင့် သတ်မှတ် ထားသော ကာလအပိုင်းအခြားများတွင် ထိုမှတ်တမ်းများကို ထိမ်းမြားခြင်း မှတ်ပုံတင် အရာရှိချုပ်ထံ ပေးပို့ရမည်။

မှတ်ပုံတင်စာအုပ်တွင် ရှာဖွေခြင်း များနှင့် ရေးသွင်း ချက်များအား ကူးယူခြင်း

၆၃။ ဤအက်ဥပဒေအရ လိုင်စင်ရသူတိုင်းက ထိမ်းမြားခြင်း အထောက်အထား လက်မှတ်များကို ထုတ်ပေးရာတွင်လည်းကောင်း၊ ပုဒ်မ ၆၂ အရ ထိမ်းမြားခြင်း မှတ်ပုံတင်စာအုပ်ကို ထိန်းသိမ်း ရာတွင် လည်းကောင်း ထိုစာအုပ်တွင်ရှာဖွေလိုသူများအား သင့်လျော်သောအချိန်များတွင် ဖွင့်လှစ်ပြသရမည်။ ထို့ပြင် မည်သည့်ရေးသွင်းချက်ကိုမဆို သင့်လျော်သော အခကြေးငွေ ပေးသည့်အခါ ယင်းက မှန်ကန်ကြောင်းလက်မှတ်ရေးထိုးထားသည့် အထောက်အထား လက်မှတ် မိတ္တူကို ပေးအပ် ရမည်။

အပိုင်း(၁) သို့မဟုတ် အပိုင်း(၃) အရ နိုင်ငံရင်းသား ခရစ်ယာန်များ၏ ထိမ်းမြားခြင်းကို မှတ်ပုံတင်သည့် စာအုပ်များ

၆၄။ ပုဒ်မ ၆၂ နှင့် ၆၃ ပါ ပြဋ္ဌာန်းချက်များအရ မှတ်ပုံတင်စာအုပ်ပါပုံစံ၊ ယင်းမှ ကောက်နုတ်ချက်များကို ပေးပို့ခြင်း၊ ယင်းတို့အားရှာဖွေကြည့်ရှုခြင်းကို ခွင့်ပြုခြင်းနှင့် ယင်းတွင် ရေးသွင်းထားချက်များကို ကူးယူခွင့်ပြုခြင်းတို့သည် ပုဒ်မ ၃၇ အရ ထိန်းသိမ်းထားသော စာအုပ်များနှင့် လိုအပ်သည့်အလျောက် ပြောင်းလဲ၍ သက်ဆိုင်စေရမည်။

ရိုမန်ကက်သလစ်တို့၏ထိမ်းမြား ခြင်း များသည် အပိုင်း(၆) နှင့် မသက်ဆိုင်ခြင်း

၆၅။ ဤအက်ဥပဒေ၏ ဤအပိုင်းအရ ပုဒ်မ ၆၂ နှင့် ၆၃ ပါပြဋ္ဌာန်းချက်များမှတစ်ပါး ပုဒ်မ ၆၄ တွင် ရည်ညွှန်းထားသကဲ့သို့ ရိုမန်ကက်သလစ်များအချင်းချင်းဆောင်ရွက်သော ထိမ်းမြားခြင်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

## အပိုင်း ၇

## ပြစ်ဒဏ်များ

ထိမ်းမြားခြင်းဆောင်ရွက်ရန် အလို့ငှာ မမှန်မကန်ကျမ်းကျိန်ခြင်း၊ ကြေညာခြင်း၊ အကြောင်း ကြားခြင်း သို့မဟုတ် အထောက်အထားလက်မှတ်ထုတ်ပေးခြင်း

၆၆။ မည်သူမဆို ထိမ်းမြားမှုတစ်ခုပြုရန် သို့မဟုတ် ထိမ်းမြားခြင်းလိုင်စင် ရရှိရန် ရည်ရွယ်ချက်ဖြင့်-

(က) ဤအက်ဥပဒေအရ လိုအပ်သော ကျမ်းကျိန်ချက် သို့မဟုတ် မြွက်ဟကြေညာချက်၊ သို့မဟုတ် အင်္ဂလိကန်၊ စကော့တလန် သို့မဟုတ် ရောမ အသင်းတော်၏ စည်းမျဉ်း သို့မဟုတ် ဓလေ့ထုံးတမ်းအရ ဝိနည်းနှင့်အညီ ကျင်းပရန် ရည်ရွယ်သော ထိမ်းမြားမှု အခမ်းအနား ပြုလုပ်ရန် လိုအပ်သော ကျမ်းကျိန်ချက် သို့မဟုတ် မြွက်ဟကြေညာ ချက်ကို မမှန်မကန် ပြုလုပ်ခြင်း၊ သို့မဟုတ်

(ခ) ဤအက်ဥပဒေအရ လိုအပ်သော အကြောင်းကြားစာ သို့မဟုတ် အထောက်အထား လက်မှတ် တစ်ခုကို ပြုရာတွင် မဟုတ်မမှတ်သော အကြောင်းကြားစာ သို့မဟုတ် အထောက်အထားလက်မှတ်တွင် လက်မှတ်ရေးထိုးခြင်း၊

တို့ကို ပြုလုပ်ပါက ရာဇသတ်ကြီး ပုဒ်မ ၁၉၃ ကို ကျူးလွန်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး သုံးနှစ်အထိ ထောင်ဒဏ် ချမှတ်နိုင်သည့်ပြင် တရားရုံး၏ ဆင်ခြင်တုံတရားအရ ငွေဒဏ်လည်း ချမှတ်နိုင်သည်။

ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိက အထောက်အထားလက်မှတ်ထုတ်ပေးခြင်းကို မမှန်မကန် အယောင်ဆောင်၍တားမြစ်ခြင်း

၆၇။ မည်သူမဆို ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိက အထောက်အထားလက်မှတ် ထုတ်ပေးခြင်း ကို တားမြစ်ရာတွင် ဥပဒေအရ ထိမ်းမြားခြင်းအတွက် လိုအပ်သော သဘောတူညီချက်ကို ပေးနိုင်သူ ဖြစ်ကြောင်း မမှန်မကန် တင်ပြခြင်း သို့မဟုတ် သိလျက်နှင့် သို့မဟုတ် အဆိုပါ တင်ပြခြင်းသည် မမှန်မကန်ကြောင်း ယုံကြည်လျက်နှင့် သို့မဟုတ် မှန်ကန်ကြောင်း ယုံကြည်ရန် အကြောင်း မရှိဘဲနှင့် ပြုလျှင် ထိုသူသည် ရာဇသတ်ကြီးပုဒ်မ ၂၀၅ တွင် ပြဋ္ဌာန်းထားသော ပြစ်မှုအတွက် အပြစ်ရှိသည်ဟု မှတ်ယူရမည်။

အခွင့်အာဏာ မရှိဘဲ ဝိနည်းနှင့်အညီ ထိမ်းမြား ပေးခြင်း

၆၈။ မည်သူမဆို ဤအက်ဥပဒေပုဒ်မ ၅ အရ ပေးအပ်သော အခွင့်အာဏာ မရှိဘဲနှင့် ထိမ်းမြားခြင်းများကို ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးခြင်း၊ အခမ်းအနားပြုလုပ်မည့် ဒေသ၏ ခရိုင်ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိ မရှိသောအချိန်တွင် ခရစ်ယာန်တစ်ဦးနှင့် သို့မဟုတ် ခရစ်ယာန် အချင်းချင်း ထိမ်းမြားခြင်းကို အခမ်းအနားဖြင့် ဆောင်ရွက်ပေးခြင်း သို့မဟုတ် ဆောင်ရွက်ပေးမည်ဟု ပြောဆိုခြင်းပြုပါက ထောင်ဒဏ်ခုနစ်နှစ်အထိ ချမှတ်နိုင်သည်။

သင့်လျော်သော အချိန်မဟုတ်ဘဲ ဖြစ်စေ၊ အသိ သက်သေများ မပါဘဲဖြစ်စေ၊ ဝိနည်းနှင့်အညီ ထိမ်းမြားပေးခြင်း

၆၉။ မည်သူမဆို ခရစ်ယာန်ဘာသာဝင်တစ်ဦးနှင့် သို့မဟုတ် ခရစ်ယာန်ဘာသာဝင်အချင်းချင်း ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို မနက် ခြောက်နာရီနှင့် ည ခုနစ်နာရီအကြား မဟုတ်သော မည်သည့်အချိန်တွင်မဆို၊ ထိမ်းမြားမည့်သူ

မှတစ်ပါး ယုံကြည်လောက်သော အသိသက်သေ အနည်းဆုံး နှစ်ဦး မရှိသောအချိန်တွင် သိလျက်နှင့် တမင် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း ဆောင်ရွက်ပေးလျှင် ထောင်ဒဏ်သုံးနှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်ရမည်။

**အထူးလိုင်စင်အရဆောင်ရွက်သည့် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းများကို ခြွင်းချက်ထားခြင်း**

ဤပုဒ်မကို အင်္ဂလိကန်သာသနာပိုင်ဆရာတော်ကဖြစ်စေ၊ ကိုယ်စားလှယ်တော်ကဖြစ်စေ ခွင့်ပြုထားသော အထူးလိုင်စင်များအရ ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးသော ထိမ်းမြားခြင်းများ၊ ရောမအသင်းတော်၏ဘုန်းတော်ကြီးတစ်ပါးက ဆောင်ရွက်ပေးသော ထိမ်းမြားခြင်းများနှင့် ပုဒ်မ ၁၀ တွင် ဖော်ပြထားသော ထိုဘုန်းတော်ကြီးကိုယ်စား ဆောင်ရွက်ရန် အထွေထွေလိုင်စင် သို့မဟုတ် အထူးလိုင်စင် လက်ခံရရှိထားသူဖြစ်ပါက ထိုသူဆောင်ရွက်သော ထိမ်းမြားခြင်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

ထို့ပြင် ဤပုဒ်မသည် စကော့တလန်အသင်းတော်၏ စည်းမျဉ်းများ၊ ဝိနည်းတော်အရ ကျင်းပသည့် အခမ်းအနားများ၊ အခမ်းအနားများနှင့် ဓလေ့ထုံးစံများအရ စကော့တလန် အသင်းတော်၏ ဘုန်းတော်ကြီးက ဆောင်ရွက်ပေးသော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

အကြောင်းကြားစာမပေးဘဲ သို့မဟုတ် အကြောင်းကြားစာ ပေးပြီးနောက် ဆယ့်လေးရက်အတွင်း အရွယ်မရောက်သူနှင့် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း

၇၀။ ဤအက်ဥပဒေအရ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းများ ဆောင်ရွက်ပေးရန် လိုင်စင် ရရှိထားသော ဘာသာရေးအမှုတော်ဆောင်သည် စာဖြင့် ရေးသားထားသော အကြောင်းကြားစာ မရှိဘဲ သို့မဟုတ် ထိမ်းမြားမည့်သူတစ်ဦးဦးက အရွယ်မရောက်သူ ဖြစ်နေသည့်အခါ၊ ထို့ပြင် ထိုထိမ်းမြားခြင်းအတွက် လိုအပ်သော မိဘ သို့မဟုတ် အုပ်ထိန်းသူများ၏ သဘောဆန္ဒ မရရှိသော အခါ၊ ထိုထိမ်းမြားခြင်းအတွက် အကြောင်းကြားစာ လက်ခံရရှိပြီးနောက် ဆယ့်လေးရက်အတွင်း အပိုင်း ၃ အရ ထိမ်းမြားခြင်းတစ်ခုကို သိလျက်နှင့် တမင် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း ဆောင်ရွက်ခဲ့လျှင် ထောင်ဒဏ် သုံးနှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်ရမည်။

အထောက်အထား လက်မှတ်ထုတ်ပေး ခြင်း သို့မဟုတ် အကြောင်းကြားစာကို အများသိရှိ နိုင်ရန်ကြေညာ ခြင်းမပြုဘဲ ထိမ်းမြားခြင်း၊

၇၁။ ဤအက်ဥပဒေအရ ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိတစ်ဦးသည် အောက်ပါ ပြစ်မှုတစ်ရပ်ရပ် ကို ကျူးလွန်လျှင် ထိုသူကို ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်ရမည်-

(၁) ဤအက်ဥပဒေအရ ညွှန်ကြားသည့်အတိုင်း ထိုထိမ်းမြားခြင်း သို့မဟုတ် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း၏ အကြောင်းကြားစာကို ကြေညာခြင်းမပြုဘဲ ထိမ်းမြားခြင်းအတွက် အထောက်အထားလက်မှတ်တစ်ခုကို သိလျက်နှင့် တမင် ထုတ်ပေးလျှင်၊

**အကြောင်းကြားစာ သက်တမ်း ကုန်ဆုံးပြီး နောက်မှ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း**

(၂) ထိမ်းမြားခြင်းတစ်ခုခုနှင့် စပ်လျဉ်း၍ ပုဒ်မ ၄၀ အရ လိုအပ်သော အကြောင်းကြားစာ၏ မိတ္တူကို ရေးသွင်းပြီးနောက် သက်တမ်းနှစ်လ ကုန်ဆုံးသည့် အခါမှ ထိုဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို ဆောင်ရွက်လျှင်၊

**တရားရုံး၏အခွင့် အာဏာမရှိဘဲ သို့မဟုတ် အကြောင်းကြားစာ မိတ္တူပေးပို့ခြင်းမရှိဘဲ ဆယ့်လေးရက် အတွင်း အရွယ်မရောက်သူ နှင့် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်း**

(၃) ထိမ်းမြားခြင်းတစ်ခု၏ အကြောင်းကြားစာကို ရရှိပြီးနောက် ဆယ့်လေးရက် မကုန်ဆုံးမီ ထိမ်းမြားမည့်သူတစ်ဦးက အရွယ်မရောက်သူ ဖြစ်နေသည့်အခါ ထိုသို့ပြုလုပ်ရန် ယင်းအား အခွင့်အာဏာပေးထားသော စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတစ်ခု၏ အမိန့်မရရှိဘဲ မည်သည့် ထိမ်းမြားခြင်းကိုမဆို ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးခြင်း သို့မဟုတ် အကယ်၍ ခရိုင်တစ်ခုတွင် ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိ တစ်ဦးထက် ပိုရှိပါက၊ ယင်းကိုယ်တိုင်သည် ဝါအရင့်ဆုံး ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိ မဟုတ်ပါက၊ ယင်းထက် ပိုမို ဝါရင့်သော ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိထံ စာတိုက်မှ ဖြစ်စေ၊ အခြားနည်းနှင့်ဖြစ်စေ၊ အဆိုပါ အကြောင်းကြားစာ၏ မိတ္တူကို ပေးပို့ခြင်း မပြုဘဲ မည်သည့်ထိမ်းမြားမှုကို မဆို ပြုလုပ်လျှင်၊

**အခွင့်အာဏာဖြင့် တားမြစ်ချက်ကို ဆန့်ကျင်လျက် အထောက်အထား လက်မှတ် ထုတ်ပေးခြင်း**

(၄) ထိုအထောက်အထားလက်မှတ်ကို ထုတ်မပေးရန် တားမြစ်ပိုင်ခွင့်ရှိသူက ဤ အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း ထုတ်မပေးရဟု တားမြစ်ထားသော အထောက်အထားလက်မှတ်ကို ထုတ်ပေးလျှင်၊ အကြောင်းကြားစာ၏ သက်တမ်းကုန်ဆုံးပြီးနောက် သို့မဟုတ် အရွယ်မရောက်သူနှင့် ထိမ်းမြားသည့်ကိစ္စတွင် အကြောင်းကြား စာပေးပြီးနောက် ဆယ့်လေးရက်အတွင်း သို့မဟုတ် အခွင့်အာဏာဖြင့် တားမြစ်ချက်ကို ဆန့်ကျင်လျက် အထောက်အထား လက်မှတ် ထုတ်ပေးခြင်း

၇၂။ မည်သည့်ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိကမဆို အထက်တွင် ဆိုခဲ့သည့်အတိုင်း အကြောင်းကြားစာ၏ မိတ္တူကို ရေးသွင်းခြင်းပြုပြီးနောက် နှစ်လကုန်ဆုံးသည့်အခါမှ ထို ထိမ်းမြားခြင်း၏ အထောက်အထားလက်မှတ်တစ်ခုကို သိလျက်နှင့် တမင် ထုတ်ပေးခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ရန် ယင်းအား အခွင့်အာဏာပေးထားသော စီရင်ပိုင်ခွင့်ရှိသည့် တရားရုံး တစ်ခု၏ အမိန့် မရရှိဘဲ ထိမ်းမြားခြင်း၏ အထောက်အထားလက်မှတ်တစ်ခုကို သိလျက်နှင့် တမင်ထုတ်ပေးခြင်း သို့မဟုတ် ထိမ်းမြားမည့်သူတစ်ဦးက အရွယ်မရောက်သူ ဖြစ်နေသည့်အခါ အကြောင်းကြားစာကို ရေးသွင်းပြီးနောက် ဆယ့်လေးရက် မကုန်ဆုံးမီ သို့မဟုတ် ထိုအထောက်အထားလက်မှတ်ကို ထုတ်မပေးရန် တားမြစ်ပိုင်ခွင့်ရှိသူက အထက်တွင် ဆိုခဲ့သည့် အတိုင်း ထုတ်မပေးရဟု တားမြစ်ထားသော အထောက်အထားလက်မှတ်ကို ထုတ်ပေးခြင်း ပြုပါက ရာဇသတ်ကြီးပုဒ်မ ၁၆၆ တွင် ပြဋ္ဌာန်းထားသော ပြစ်မှုကို ကျူးလွန်သည်ဟု မှတ်ယူရမည်။

ဝိနည်းနှင့်အညီ ထိမ်းမြားပေးရန် အခွင့်အာဏာရှိ သူများ(အင်္ဂလိကန်၊ စကော့တလန် သို့မဟုတ် ရောမ၏ အသင်းတော်ရှိ ဘုန်းတော်ကြီးများ မှတစ်ပါး)

၇၃။ ထိမ်းမြားခြင်းတစ်ခုကို ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးရန် ဤအက်ဥပဒေအရ အခွင့်အာဏာ ရှိသူ မည်သူကိုမဆို အင်္ဂလိကန်အသင်းတော်၏ ဘုန်းတော်ကြီး မဟုတ်သူက ကြိုတင် ကြေညာခြင်း ကာလကုန်ဆုံးပြီးနောက် ထိမ်းမြားခြင်းတစ်ခုကို ဝိနည်းနှင့်အညီ ကျင်းပခြင်း သို့မဟုတ် နယ်ပယ်တစ်ခု၏ အင်္ဂလိကန်

သာသနာပိုင်ဆရာတော်ထံမှ လိုင်စင် ရရှိထားသူက သို့မဟုတ် ယင်း၏ကိုယ်စား တရားဝင် အခွင့်အာဏာ အပ်နှင်းထားသော လက်ထောက် ကိုယ်စားလှယ်က ထိမ်းမြားခြင်းတစ်ခုကို ဝိနည်းနှင့်အညီ ကျင်းပခြင်း၊

သို့မဟုတ် စကော့တလန်အသင်းတော်၏ ဘုန်းတော်ကြီး မဟုတ်သူက ထိုအသင်းတော်၏ စည်းမျဉ်းများ၊ ဝိနည်းတော်များအရ ကျင်းပသည့် အခမ်းအနားများ၊ အခမ်းအနားများနှင့် ဓလေ့ထုံးစံများအရ ထိမ်းမြားခြင်းတစ်ခုကို ဝိနည်းနှင့်အညီ ဆောင်ရွက်ခြင်း၊

**အကြောင်းကြားစာကိုအများသိရှိနိုင်ရန် ကြေညာခြင်းမပြုဘဲ ဖြစ်စေ၊ အထောက် အထား လက်မှတ် သက်တမ်း ကုန်ဆုံးပြီး နောက်မှဖြစ်စေ၊ အထောက်အထား လက်မှတ်ထုတ် ပေးခြင်း သို့မဟုတ် ထိမ်းမြားပေးခြင်း**

သို့မဟုတ် ရောမအသင်းတော်၏ ဘုန်းတော်ကြီး မဟုတ်သူက ထိုအသင်းတော်၏ စည်းမျဉ်းများ၊ ဝိနည်းတော်များအရ ကျင်းပသည့် အခမ်းအနားများ၊ အခမ်းအနားများနှင့် ဓလေ့ထုံးစံများအရ ထိမ်းမြားခြင်းတစ်ခုကို ဝိနည်းနှင့်အညီ ဆောင်ရွက်ခြင်း၊

**အကြောင်းကြားစာ ပေးပို့ပြီးနောက် ဆယ့်လေးရက်အတွင်း အရွယ်မရောက်သူနှင့် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းအတွက် အထောက်အထား လက်မှတ် ထုတ်ပေး ခြင်း သို့မဟုတ် ဝိနည်းနှင့်အညီ ထိမ်းမြား ခြင်းကိုဆောင်ရွက်ခြင်း**

ဤအက်ဥပဒေ၏ အပိုင်း ၃ တွင် သတ်မှတ်ထားသည့်အတိုင်း အဆိုပါ ထိမ်းမြားခြင်း၏ အကြောင်းကြားစာကို ကြေညာခြင်းမရှိဘဲ သို့မဟုတ် စွဲကပ်ခြင်းမရှိဘဲ သို့မဟုတ် ယင်းက အထောက်အထားလက်မှတ် ထုတ်ပေးပြီး နှစ်လ ကုန်ဆုံးပြီးသည့်နောက် ဤအက်ဥပဒေအရ ထိမ်းမြားခြင်းအတွက် မည်သည့်အထောက်အထားလက်မှတ်ကိုမဆို သိလျက်နှင့် တမင် ထုတ်ပေးခြင်း၊ သို့မဟုတ် အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ထိုသူများအကြား မည်သည့် ထိမ်းမြားခြင်းကိုမဆို ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးခြင်း၊

**အခွင့်အာဏာဖြင့် တားမြစ်ထားလျက် အထောက်အထား လက်မှတ် ထုတ်ပေးခြင်း**

သို့မဟုတ် ထိမ်းမြားလိုသူတစ်ဦးသည် အရွယ်မရောက်သူဖြစ်ပါက ထိုထိမ်းမြားခြင်း၏ အကြောင်းကြားစာကို ရရှိပြီးနောက် ဆယ့်လေးရက် မကုန်ဆုံးမီ သို့မဟုတ် ထိမ်းမြားခြင်းအတွက် အကြောင်းကြားစာ၏ မိတ္တူကို ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိထံသို့ သို့မဟုတ် အကယ်၍ ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိသည် တစ်ဦးထက်ပိုပါက ထိုခရိုင်ရှိ ပိုမိုဝါရင့်သော ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိထံသို့ စာတိုက်မှ သို့မဟုတ် အခြားနည်းဖြင့် ပေးပို့ခြင်းမပြုဘဲ ထိမ်းမြားခြင်း အတွက် မည်သည့် အထောက်အထားလက်မှတ်ကိုမဆို သိလျက်နှင့် တမင်ထုတ်ပေးခြင်း၊ သို့မဟုတ် ထိုသူများ၏ ထိမ်းမြားခြင်းကို ဝိနည်းနှင့်အညီ ဆောင်ရွက်ပေးခြင်း၊

**အခွင့်အာဏာဖြင့် တားမြစ်ထားလျက် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို ဆောင်ရွက်ပေးခြင်း**

သို့မဟုတ် ထိမ်းမြားခြင်း အထောက်အထား လက်မှတ်ထုတ်ပေးခြင်းကို တားမြစ်ခွင့်ရှိသူက ဤအက်ဥပဒေအရ တားမြစ်ထားကြောင်း သိလျက်နှင့် အထောက်အထားလက်မှတ်ကို တမင် ထုတ်ပေးခြင်း၊

သို့မဟုတ် ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို တားမြစ်ခွင့်ရှိသူက တားမြစ်ထားသော မည်သည့် ထိမ်းမြားခြင်းကိုမဆို သိလျက်နှင့် တမင် အခမ်းအနားဖြင့် ဆောင်ရွက်ပေးခြင်း၊

ပြုလျှင် ထိုသူကို လေးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

လိုင်စင်မရှိသောသူက လိုင်စင်ရှိသကဲ့သို့ အယောင်ဆောင်၍ အထောက်အထား လက်မှတ် ထုတ်ပေးခြင်း

၇၄။ မည်သူမဆို ဤအက်ဥပဒေ၏ အပိုင်း ၆ အရ ထိမ်းမြားခြင်း၏ အထောက်အထားလက်မှတ် တစ်ခုကို ထုတ်ပေးရန် လိုင်စင်မရှိဘဲထုတ်ပေးခြင်း၊ ယင်းထံတွင် ထိုလိုင်စင်ရှိသကဲ့သို့ ထင်မြင်စေရန်ပြုလုပ်၍ ရည်ရွယ်ထားသော အထောက်အထားလက်မှတ်ကို ထုတ်ပေးခြင်းပြုပါက ငါးနှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းချမှတ်ရမည်။

မည်သူမဆို ဤအက်ဥပဒေ၏ အပိုင်း ၆ အရ ထိမ်းမြားခြင်း၏ အထောက်အထား လက်မှတ်တစ်ခုကို ထုတ်ပေးရန် လိုင်စင်ရှိသော်လည်း ထိုအပိုင်းအရ ယင်းအပေါ် ချမှတ်ထားသည့် တာဝန်များကို ထမ်းဆောင်ခြင်း မပြုသည့်အပြင် ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ထိမ်းမြား ပေးရန် ငြင်းဆိုခြင်း၊ သို့မဟုတ် တမင်လျစ်လျူရှုခြင်း သို့မဟုတ် ပျက်ကွက်ခြင်း ပြုပါက  ကျပ်တစ်သောင်းအထိ ငွေဒဏ် ချမှတ်ရမည်။

မှတ်ပုံတင်စာအုပ် များကို ဖျက်ဆီးခြင်း သို့မဟုတ် မမှန်မကန် ပြုလုပ်ခြင်း

၇၅။ မည်သူမဆို ယင်းကိုယ်တိုင် သို့မဟုတ် အခြားသူက မည်သည့် မှတ်ပုံတင်စာအုပ် သို့မဟုတ် ယင်းအထောက်အထားလက်မှတ်များ၏ လက်ခံမိတ္တူဖြတ်ပိုင်းများကို တမင်ဖျက်ဆီးခြင်း သို့မဟုတ် ထိခိုက်ပျက်စီးစေခြင်း သို့မဟုတ် ထိုစာအုပ်မှ မှန်ကန်ကြောင်းထင်ရှားစေသည့် ကောက်နုတ်ချက် တစ်ခုကို သို့မဟုတ် ထိုမှတ်ပုံတင်စာအုပ် သို့မဟုတ် ယင်းအထောက်အထား လက်မှတ်များ၏ လက်ခံမိတ္တူဖြတ်ပိုင်းများ သို့မဟုတ် မှန်ကန်ကြောင်း ထင်ရှားစေသည့် ကောက်နုတ်ချက် တစ်စုံတစ်ရာတွင် မှားယွင်းသော ရေးသားချက်တစ်ခုခုကို တမင်ထည့်သွင်းခြင်း ပြုပါက ထောင်ဒဏ် ခုနစ်နှစ်အထိ ချမှတ်ရမည့်ပြင် ငွေဒဏ်လည်းပေးဆောင်စေရမည်။

အက်ဥပဒေအရ တရားစွဲဆိုခြင်းများအတွက် စည်းကမ်းသတ်ကာလ

၇၆။ ဤအက်ဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်သော မည်သည့်ပြစ်မှုကိုမဆို တရားစွဲဆိုခြင်းအား ထိုပြစ်မှုကျူးလွန်ပြီးနောက် နှစ်နှစ်အတွင်း စတင်စွဲဆိုရမည်။

## အပိုင်း ၈

## အထွေထွေ

အက်ဥပဒေအရ ထိမ်းမြားခြင်းနှင့် စပ်လျဉ်း၍ သက်သေပြရန် မလိုသောကိစ္စများ

၇၇။ ပုဒ်မ ၄ နှင့် ပုဒ်မ ၅ တို့ပါ ပြဋ္ဌာန်းချက်များအရ ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းတစ်ခုခုကို ဆောင်ရွက်သောအခါ အောက်ဖော်ပြပါ ကိစ္စရပ်များအနက် တစ်ခုခုနှင့် စပ်လျဉ်း၍ နည်းလမ်းတကျ ပြုလုပ်သည်မဟုတ်သော အကြောင်းကြောင့် ပျက်ပြယ်ခြင်း မရှိစေရ -

(၁) ထိမ်းမြားမည့်သူနှစ်ဦး၏ နေထိုင်ရာအရပ်နှင့် စပ်လျဉ်း၍ ဖြစ်စေ၊ ဥပဒေအရ အဆိုပါ ထိမ်းမြားခြင်းအတွက် သဘောတူညီချက် ပေးရမည့်သူ၏ သဘောတူညီချက် နှင့်စပ်လျဉ်း၍ ဖြစ်စေ ပြုလုပ်ထားသော ဖော်ပြချက်၊

(၂) ထိမ်းမြားခြင်းကို အကြောင်းကြားစာ၊

(၃) အထောက်အထားလက်မှတ် သို့မဟုတ် ယင်း၏ဘာသာပြန်ဆိုချက်၊

(၄) ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းကို ဆောင်ရွက်သည့် အချိန်နှင့် နေရာ၊

(၅) ထိမ်းမြားခြင်းကိုမှတ်ပုံတင်ခြင်း။

အမှားများ ပြင်ဆင်ခြင်း

၇၈။ ထိမ်းမြားခြင်းအတွက် မှတ်ပုံတင်ပေးရန် တာဝန်ထမ်းဆောင်ရမည့် မည်သူမဆို မှတ်ပုံတင်သွင်းရမည့် ပုံစံ သို့မဟုတ် ရေးသွင်းသည့်အချက်တွင် အမှားတစ်ခုခုကို တွေ့ရှိပါက ထိုအမှားကို တွေ့ရှိပြီးနောက် တစ်လအတွင်း ထိမ်းမြားသူတို့၏ ရှေ့မှောက်တွင် သို့မဟုတ် ယင်းတို့ ကွယ်လွန်ပြီး သို့မဟုတ် မရှိသည့်အခါ ယုံကြည်ထိုက်သော အသိသက်သေနှစ်ဦး၏ ရှေ့မှောက်တွင် မူလရေးသွင်းချက်ကို ပြင်ဆင်ခြင်းမပြုဘဲ စာမျက်နှာဘေး ကွက်လပ်၌ ရေးသွင်းခြင်းဖြင့် အမှားပြင်ဆင်နိုင်သည်။ ထို့ပြင် ယင်းရေးသွင်းခြင်းအတွက် လက်မှတ်ရေးထိုးရမည်။ ထိုအမှား ပြင်ဆင်ချက် ပြုလုပ်သည့် ရက်စွဲကို ဖြည့်စွက်ရမည်။ ထုတ်ပေးထားသည့် အထောက်အထား လက်မှတ်တွင်လည်း စာမျက်နှာဘေး ကွက်လပ်၌ အလားတူ ရေးသွင်းခြင်း ပြုလုပ်ရမည်။

ဤပုဒ်မအရ ပြုလုပ်သော ရေးသွင်းချက်တိုင်းကို ထိုသို့ ပြုလုပ်ချိန်တွင် ရှိနေသော သက်သေများက မှန်ကန်ကြောင်း သက်သေအဖြစ် လက်မှတ်ရေးထိုးရမည်။

အကယ်၍ ထိုအထောက်အထားလက်မှတ်ကို ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိချုပ်ထံ ပေးပို့ပြီးဖြစ်လျှင် ထိုသူသည် မူရင်းတွင် ရေးသွင်းထားသော အမှားပြင်ဆင်ချက်အတိုင်း စာမျက်နှာဘေးကွက်လပ်၌ ရေးသွင်းခြင်းဖြင့် အလားတူ သီးခြားအထောက်အထားလက်မှတ် ပြုလုပ်ပေးပို့ရမည်။

ရေးသွင်းချက် များကို ရှာဖွေခြင်းနှင့် မိတ္တူကူးခြင်း

၇၉။ ဤအက်ဥပဒေအရ ထိမ်းမြားခြင်းတစ်ခုကို ဝိနည်းနှင့်အညီ ဆောင်ရွက်သူတိုင်းသည် လိုအပ်သော မှတ်ပုံတင်ခြင်းကို ပြုလုပ်ရမည်။ ထို့ပြင် သင့်လျော်သော အခကြေးငွေ ပေးသွင်းပြီး ဖြစ်ပါက ဤအက်ဥပဒေအရ ထိမ်းမြားခြင်းမှတ်ပုံတင်များ ၊ သို့မဟုတ် ယင်း၏ အထောက်အထား လက်မှတ်တစ်စုံတစ်ရာ သို့မဟုတ် အထောက်အထားလက်မှတ် မူရင်းခွဲ သို့မဟုတ် မိတ္တူများကို ထိန်းသိမ်းရသော ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိ သို့မဟုတ် ထိမ်းမြားခြင်းမှတ်ပုံတင်အရာရှိချုပ် သည် ထိုမှတ်ပုံတင် ရေးသွင်းထားချက် သို့မဟုတ် ယင်း၏ အထောက်အထားလက်မှတ် တစ်စုံတစ်ရာ သို့မဟုတ် အထောက်အထားလက်မှတ် မူရင်းခွဲ သို့မဟုတ် မိတ္တူများကို ရှာဖွေခြင်းများအား သင့်လျော်သည့် အချိန်များတွင် ခွင့်ပြုရမည်။ ထို့ပြင် ယင်းစာအုပ်တွင် ရေးသွင်းချက်မိတ္တူများကို ယင်းကိုယ်တိုင် ရေးကူး၍ ပေးအပ်ရမည်။

ထိမ်းမြားခြင်း မှတ်ပုံတင်စာအုပ် တွင်ရေးသွင်း ထား သည့်ရေးသွင်းချက် စသည် တို့၏ မှန်ကန်ကြောင်း မိတ္တူမှန်များသည် သက်သေခံ အထောက်အထား ဖြစ်ခြင်း

၈၀။ ထိုမှတ်ပုံတင်စာရင်းတွင်၊ ထိမ်းမြားခြင်းတစ်ခု၏ မှတ်ပုံတင် သို့မဟုတ် ယင်း၏ အထောက် အထားလက်မှတ် တစ်စုံတစ်ရာ သို့မဟုတ် အထောက်အထားလက်မှတ် မူရင်းခွဲ၏ ရေးသွင်းချက် တစ်စုံတစ်ရာ၏ အထောက်အထားလက်မှတ် မိတ္တူမှန်တိုင်းတွင် ဤအက်ဥပဒေအရ ထိန်းသိမ်း ထားရန် သို့မဟုတ် ပေးအပ်ထားရန် လိုအပ်သော ထိမ်းမြားခြင်းမှတ်ပုံတင် သို့မဟုတ် ယင်း၏ အထောက်အထားလက်မှတ် တစ်စုံတစ်ရာ သို့မဟုတ်

အထောက်အထားလက်မှတ် မူရင်းခွဲများကို ထိန်းသိမ်းစောင့်ရှောက်ရန် ဤအက်ဥပဒေအရ ယုံကြည်အပ်နှံထားသောသူက လက်မှတ်ရေးထိုး ရခြင်း၏ ရည်ရွယ်ချက်မှာ ထိမ်းမြားခြင်းမှတ်ပုံတင် သို့မဟုတ် ယင်း၏ အထောက်အထား လက်မှတ်တစ်စုံတစ်ရာ သို့မဟုတ် အထောက်အထားလက်မှတ် မူရင်းခွဲ သို့မဟုတ် ယင်းတွင် ရေးသွင်းထားချက်များအသီးသီးအတွက် နောက်ထပ်သက်သေပြရန်မလိုဘဲ ယင်းမှတ်ပုံတင်စာအုပ် ပါ ရေးသွင်းချက် သို့မဟုတ် ယင်းတွင် ပါရှိသော အချက်များကို မှန်ကန်ကြောင်း သက်သေခံအဖြစ် လက်ခံရမည်။

၈၁။ * * * *

နိုင်ငံတော်သမ္မတက အခကြေးငွေများ သတ်မှတ်ပေးခြင်း

၈၂။ ဤအက်ဥပဒေအရ ထိမ်းမြားလိုသော အကြောင်းကြားစာများကို လက်ခံခြင်းနှင့် ကြေညာခြင်းအတွက်လည်းကောင်း၊ ထိမ်းမြားခြင်း မှတ်ပုံတင်အရာရှိများက အထောက်အထား လက်မှတ်များ ထုတ်ပေးခြင်းအတွက်လည်းကောင်း၊ ထို့ပြင် ထိုသို့ ထိမ်းမြားခြင်းများအား မှတ်ပုံတင်ခြင်းကိစ္စအတွက် လည်းကောင်း၊ ထိုမှတ်ပုံတင်အရာရှိများက ထိမ်းမြားခြင်းအတွက် အထောက်အထား လက်မှတ်များ ထုတ်ပေးခြင်းကို ကန့်ကွက်ခြင်း သို့မဟုတ် တားမြစ်ခြင်းများ နှင့် စပ်လျဉ်း၍ စာရင်းရေးသွင်းခြင်းကိစ္စအတွက်လည်းကောင်း၊ မှတ်ပုံတင်စာအုပ်များ၊ အထောက် အထားလက်မှတ်များ ရှာဖွေခြင်း သို့မဟုတ် မူရင်းခွဲများကို ရှာဖွေခြင်း၊ ပုဒ်မ ၆၃ နှင့် ၇၉ အရ ထိုစာအုပ်မှ ရေးသွင်းချက်များကို မိတ္တူကူးယူခြင်းကို ခွင့်ပြုခြင်းအတွက် လည်းကောင်း အခကြေးငွေ တောင်းခံရမည်။

နိုင်ငံတော်သမ္မတသည် ထိုအခကြေးငွေ အသီးသီးကို သတ်မှတ်နိုင်သည့်ပြင် အခါအားလျော်စွာ သင့်သည်ထင်မြင်သည့်အတိုင်း အမျိုးအစားအားလုံး သို့မဟုတ် အထူးကိစ္စရပ်များအတွက် အခကြေးငွေကို ပြောင်းလဲသတ်မှတ်နိုင်သည် သို့မဟုတ် ကင်းလွတ်ခွင့်ပြုနိုင်သည်။

နည်းဥပဒေများ ပြုရန်အခွင့်အာဏာ

၈၃။ နိုင်ငံတော်သမ္မတသည် ပုဒ်မ ၈၂ တွင် ဖော်ပြထားသော အခကြေးငွေနှင့် စပ်လျဉ်း၍ စီမံဆောင်ရွက်ခြင်း၊ ထိမ်းမြားခြင်း မှတ်ပုံတင်စာအုပ်များ ဖြည့်ဆည်းပေးခြင်းနှင့် ဤအက်ဥပဒေ အရ ဆောင်ရွက်သော ဝိနည်းနှင့်အညီ ထိမ်းမြားခြင်းများနှင့် ယင်းတို့၏ အစီရင်ခံစာများကို ပြင်ဆင်ခြင်း၊ တင်ပြခြင်း နှင့် စပ်လျဉ်း၍ နည်းဥပဒေများ ပြဋ္ဌာန်းနိုင်သည်။

၈၄။ * * * *

ခရိုင်တရားသူကြီး အဖြစ်ဆောင်ရွက် ရမည့်သူကိုကြေညာ ရန်အခွင့်အာဏာ

၈၅။ နိုင်ငံတော်သမ္မတသည် ဤအက်ဥပဒေအရ အကျုံးဝင်သည့် မည်သည့်နေရာဒေသတွင်မဆို မည်သူ့ကို ခရိုင်တရားသူကြီးအဖြစ် မှတ်ယူရမည်ဟု ပြန်တမ်းတွင် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ကြေညာနိုင်သည်။

၈၆။ * * * * *

ကောင်စစ်ဝန်က ဆောင်ရွက်ပေး သည့်ထိမ်းမြားခြင်း များကိုခြွင်းချက်ထားခြင်း

၈၇။ ဤအက်ဥပဒေပါ မည်သည့်အချက်ကမျှ အမှုတော်ဆောင်၊ ကောင်စစ်ဝန် သို့မဟုတ် ကောင်စစ်ဝန်ကိုယ်စားလှယ်က ယင်းကိုယ်စားပြုသော နိုင်ငံ၏ နိုင်ငံသားများအကြား ထိုနိုင်ငံ အတွင်း ဥပဒေအရ ဆောင်ရွက်သော မည်သည့် ထိမ်းမြားခြင်းနှင့်မျှ သက်ဆိုင်ခြင်း မရှိစေရ။

တားမြစ်ချက်များ အတွင်း ထိမ်းမြား ခြင်းများ တရားမဝင်ခြင်း

၈၈။ ဤအက်ဥပဒေပါ မည်သည့်အချက်ကမျှ ထိမ်းမြားမည့်သူတို့အနက် တစ်ဦးအား ယင်းတို့နှင့် သက်ဆိုင်သည့် ဥပဒေအရ ယင်းတို့ တစ်ဦးဦးအား တားမြစ်ထားသော ထိမ်းမြားခြင်းကို အတည်ပြုသည်ဟု မှတ်ယူခြင်း မပြုရ။

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ဇယား ၁ (ပုဒ်မ ၁၂ နှင့် ၃၈ ကို ကြည့်ပါ) ထိမ်းမြားရန်အကြောင်းကြားစာ

[ ပူးတွဲဖော်ပြသော စာရင်း 2 ] 02 ဇယား ၂ (ပုဒ်မ ၂၄ နှင့် ၅၀ ကို ကြည့်ပါ) အကြောင်းကြားစာ လက်ခံရရှိကြောင်း ထောက်အထားလက်မှတ်

[ ပူးတွဲဖော်ပြသော စာရင်း 3 ] 03 ဇယား ၃ (ပုဒ်မ ၂၈ နှင့် ၃၁ ကို ကြည့်ပါ) ထိမ်းမြားခြင်းများ၏ မှတ်ပုံတင်ပုံစံ ထိမ်းမြားခြင်းများကို သုံးလတစ်ကြိမ် ပေးပို့သည့်အစီရင်ခံစာ

[ ပူးတွဲဖော်ပြသော စာရင်း 4 ] 04 ဇယား ၄ (ပုဒ်မ ၃၂ နှင့် ၅၄ ကို ကြည့်ပါ) ထိမ်းမြားခြင်း မှတ်ပုံတင်စာအုပ်